# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်
## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၈၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၈-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ ခွင့်စာရင်းကို ကျွန်တော့်အနေနဲ့ တင်ပြပါ့မယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၂) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၃ ရက်၊

(၃) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၃ ရက်၊

(၄) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၅) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၁ ရက်၊

(၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၇) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၃ ရက်၊

(၉) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၃ ရက်၊

(၁၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး ခွင့် ၃ ရက်၊

(၁၁) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၁၂) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၃ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ခိုင် ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း ခွင့် ၂ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးခင်စိုး ခွင့် ၂ ရက်၊

(၁၇) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၁၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၉) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၂၀) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၂၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၃ ရက်၊

(၂၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၂၃) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၂၄) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၃ ရက်၊

(၂၅) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၂၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၁ ရက်၊

(၂၇) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၃ ရက်၊

(၂၈) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၂၉) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၃၀) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၃ ရက်နှင့်

(၃၁) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၈၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**သယံဇာတထွက်ရှိရာဒေသ၊ မြို့နယ်များဖွံ့ဖြိုးရေးအတွက် အစိုးရမှ သယံဇာတများအား ထုတ်ယူခွင့်ပြုထားသော ကုမ္ပဏီများနှင့် မည်ကဲ့သို့ညှိနှိုင်းပေးမည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းနှင့်ပတ်သက်လို့ ဆက်နွယ်မှုလေးတွေကို နည်းနည်းတင်ပြပါရစေ။ တစ်ချိန်က ကလေးဝမြို့ဟာ ကျောက်မီးသွေးထွက်ပါတယ်။ ကျောက်မီးသွေး အဓိကထွက်ပါတယ်။ ထွက်တော့လည်း နိုင်ငံတော်က ကော်ပိုရေးရှင်းတစ်ခုအနေနဲ့ ကျောက်မီးသွေးကို စိန်အနှစ်လို့တောင်မှခေါ်ပြီးတော့၊ သမုတ်တင်ပြီးတော့ စိန်နှစ်တို့၊ ပယင်းနှစ်တို့ဆိုပြီးတော့ မော်တော်တွေတောင် အဖွဲ့

နာမည်ပေးပြီးတော့ ကျွန်တော်တို့ ထုတ်လုပ်မှုကို ဆောင်ရွက်ခဲ့တဲ့အနေအထားရှိပါတယ်။ အဲဒီအချိန်မှာလည်း ကျောက်မီးသွေးမိုင်းအနေနဲ့ ဆေးရုံတစ်ခုရှိပါတယ်။ ဆေးရုံလည်း ဆရာဝန်၊ ဆရာမ အပြည့်အစုံ၊ လူနာတင်ကားတွေလည်း အပြည့်အစုံ၊ ကျောင်းကလည်း အ.ထ.က၊ အ.လ.က ပဲဖြစ်ပါသေးတယ်။ အဲဒီတုန်းက အ.ထ.ကအတွက် ကလေးဝမှာလာတက်ရတဲ့ ဆရာတွေ၊ ဆရာမတွေ၊ အထက်တန်းဆရာ ကလေးမ၊ ကလေးတွေအတွက်လည်း ကျောင်းဖယ်ရီပေးခဲ့ပါတယ်။ ဒီနေ့အနေအထားနဲ့ဆိုတော့ ကျွန်တော်တို့က စီးပွားရေးတံခါးဖွင့်ဝါဒနဲ့ဆိုရင် ကျွန်တော်တို့မိုင်းကြီးဟာ ပုဂ္ဂလိကကုမ္ပဏီရောက်တော့မရောက်ခင်မှာ ကျွန်တော်နောက်ဆုံး မန်နေဂျာနဲ့တွေ့တော့ ကျွန်တော်တို့တစ်တွေ ကျောင်းသားကျောင်းသူလေးတွေ၊ ဆရာမအပို့အကြိုလေးတွေ၊ ရေကိစ္စ၊ မီးကိစ္စလေးတွေ ကျွန်တော်တို့ အဲဒါလေးတွေကို အဆက်မပြတ်မှာကြားပြီးတော့၊ တင်ပြပြီးတော့ လုပ်ပေးပါလို့ အနူးအညွတ် တောင်းပန်ခဲ့ပါတယ်။ အဲဒီမှာ မန်နေဂျာကြီးကလည်း နောက်ဆုံးမန်နေဂျာနဲ့လည်း သူစီးတဲ့ မာဇဒါဂျစ်ကလေးနဲ့တောင် ပို့ပြီးတော့ နောက်ဆုံး သူလည်းပြန်သွားတဲ့အခါ ကျွန်တော်တို့ ဘာမှသယ်ပို့မှု အစီအစဉ်မရှိတော့ပါဘူး။ နောက်တစ်ခုက မဟာမြိုင်ထဲမှာရောက်နေတဲ့ ကျွန်းသစ်ကိစ္စ၊ သစ်ထုတ်လုပ်ရေးကုမ္ပဏီတွေ အရင်တုန်းကလုပ်တုန်းကဆိုရင် ချင်းတွင်းမြစ်ဘေးမှာ ကြွေဆိုတဲ့ မင်းကင်းမြို့ထဲကိုချရပါတယ်။ ကြွေမှာ ယန္တရားတပ်နဲ့ဘာနဲ့လုပ်ထားတဲ့အတွက် ကျွန်တော်တို့ သက္ကယ်ကျင်းတို့၊ မဟာမြိုင်ထဲမှာရှိနေတဲ့ လူမှုရေးအရ လိုအပ်တာလည်းလုပ်ပေးတယ်။ တံတား၊ လမ်း၊ ရေ နောက်ဆုံးနွေရာသီမှာ ရေ ကျွန်တော်ဘောက်ဆာတွေနဲ့ပို့ပေးတဲ့အဆင့်အထိ နိုင်ငံတော်အဆင့်တုန်းက လုပ်ခဲ့ကြပါတယ်။ အဲဒီတော့ ဒီနေ့လည်း လုပ်ပေးတဲ့သူတွေရှိကြပါတယ်။ ကူညီကြတဲ့လူလည်း ရှိကြပါတယ်။ သို့သော်လည်း ကျွန်တော်တို့ အခုဖြစ်နေတဲ့ အဲဒီအနေအထားပေါ်မူတည်ပြီးတော့ အခု ကျွန်တော်မေးချင်တဲ့မေးခွန်းက ခေတ်စနစ်အရ နိုင်ငံပိုင်သယံဇာတများအား ကုမ္ပဏီများသို့ ထုတ်ယူခွင့်ပြုရာတွင် နိုင်ငံတော်နှင့် ကုမ္ပဏီများက ချုပ်ဆိုသည့်စာချုပ်စာတမ်း၊ ကတိကဝတ်များတွင် ထုတ်ယူမည့်ကုမ္ပဏီများသည် ထုတ်ယူသည့်သယံဇာတထွက်ရှိရာဒေသ၊ မြို့နယ်များ၏ဖွံ့ဖြိုးတိုးတက်မှု ကူညီရန်ဟူသော အချက်အလက်တစ်ခုအနေနဲ့ စာချုပ်တွင်ပါဝင်မှုရှိ/မရှိအတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ (၁) စာချုပ်အရ ကုန်ထုတ်တန်ဖိုး၏ရာခိုင်နှုန်းမည်မျှ ဒေသဖွံ့ဖြိုးရေးအတွက်သတ်မှတ်ချက်ရှိ/မရှိ၊ (၂) ကလေးဝမြို့နယ်၏ ကျောက်မီးသွေးများ၊ သစ်များထုတ်ယူသည့် ကုမ္ပဏီများမှ ကူညီမှုများပေးခြင်းရှိ/မရှိ၊ (၃) မြို့ရွာဒေသဖွံ့ဖြိုးရေးအတွက် အစိုးရမှ ကုမ္ပဏီများနှင့် မည်ကဲ့သို့ညှိနှိုင်းပေးမည်ကိုသိလိုခြင်းဆိုတဲ့မေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းရဲ့ နိုင်ငံပိုင်သယံဇာတများအား ကုမ္ပဏီများသို့ ထုတ်ယူခွင့်ပြုရာတွင် နိုင်ငံတော်နှင့် ကုမ္ပဏီများအား ချုပ်ဆိုသည့် စာချုပ်စာတမ်း၊ ကတိကဝတ်များတွင် သယံဇာတထွက်ရှိရာဒေသ၊ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု ကူညီရန်ဟူသော အချက်အလက်တစ်ခုအနေနဲ့ စာချုပ်တွင်ပါဝင်မှုရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး ဒီမေးခွန်းကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်က ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ပြည်သူတွေရဲ့အကျိုးစီးပွားအတွက် နိုင်ငံတော်ရဲ့သယံဇာတများကို ထုတ်ယူသုံးစွဲရရှိနိုင်ဖို့အတွက်ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိပြဋ္ဌာန်းထားဆဲ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပေါ်မှာအခြေခံပြီး ဒေသတွင်းမှာ သက်ဆိုင်ရာကုမ္ပဏီများက သယံဇာတများကို တူးဖော်နေကြတာဖြစ်ပါတယ်။ အဲဒီလို တူးဖော်ကြတဲ့အခါမှာ သက်ဆိုင်ရာဒေသတွေရဲ့ ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် အထိုက်အလျောက်ဆောင်ရွက်ဖို့ ဝတ္တရားရှိတာမှန်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းဟာ အင်မတန်မှ သင့်မြတ်တဲ့မေးခွန်းဖြစ်တဲ့အကြောင်းလည်း ကျွန်တော်တင်ပြလိုပါတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ ယခင့် ယခင်က ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေမှာ ဒီအချက်အလက်နဲ့ ပတ်သက်ပြီးတော့မှ ထည့်သွင်းချုပ်ဆိုခဲ့တာမရှိခဲ့ကြောင်းလည်း ကျွန်တော်ဖြေကြားအပ်ပါတယ်။ ကျွန်တော်တို့ ဒီဒေသမှာ ကုမ္ပဏီခြောက်ခု ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ် နှစ်စပိုင်းကနေစပြီးတော့မှ နောက်ပိုင်းမှာ ချုပ်ဆိုခဲ့တဲ့စာချုပ်တွေမှာ သဘောတူစာချုပ် မချုပ်ဆိုခင်ကတည်းက ကုမ္ပဏီများအနေနဲ့ EIA, SIA နှင့်ပတ်သက်ပြီးတော့၊ HIA နှင့်

ပတ်သက်ပြီးတော့၊ Mine Closure Plan နှင့်ပတ်သက်ပြီးတော့ ရေးဆွဲတင်ပြစေပြီးတော့မှ စာချုပ်ချုပ်ဆိုမှုတွေလုပ်ပါတယ်။ ပတ်ဝန်းကျင်သက်ရောက်မှု ဆန်းစစ်ချက်တွေ၊ လူမှုစီးပွားသက်ရောက်မှု ဆန်းစစ်ချက်တွေနဲ့ ကျန်းမာရေးသက်ရောက်မှုဆန်းစစ်ချက်တွေအပေါ်မှာ ဒီကုမ္ပဏီများက သေသေချာချာ စိမံချက်ရေးဆွဲပြီးတော့မှ နောက်ဆုံးပိတ်အထိအောင်ရေးဆွဲတင်ပြပြီးတော့မှ စာချုပ်များကို ချုပ်ဆိုခဲ့ကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(၁)မှာပါတဲ့ စာချုပ်အရ ထုတ်ကုန်တန်ဖိုး၏ ရာခိုင်နှုန်းမည်မျှ ဒေသဖွံ့ဖြိုးရေးအတွက် သတ်မှတ်ချက်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး ထုတ်ကုန်တန်ဖိုးရဲ့ ရာခိုင်နှုန်းမည်မျှ ဒေသဖွံ့ဖြိုးရေး အတွက် သတ်မှတ်ချက်ကို ယခင်က လုပ်ငန်းသဘောတူစာချုပ်များမှာ ထည့်သွင်းချုပ်ဆိုခဲ့ခြင်းမရှိကြောင်းလည်း ဖြေကြားအပ်ပါတယ်။ ကလေးဝမြို့နယ်မှာ ကျောက်မီးသွေးထုတ်လုပ်တဲ့ ကုမ္ပဏီများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကနေပြီးတော့မှ စတင်ပြီးတော့ နှစ်စဉ် အသားတင်အမြတ်ငွေရဲ့ ၃ ရာခိုင်နှုန်းကို စီးပွားရေးလုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီများရဲ့ လူမှုရေးတာဝန်ယူမှု (Corporate Social Responsibility-CSR) ရန်ပုံငွေအဖြစ် ထည့်ဝင်သွားရမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်က ကိုယ်စားလှယ်တော်ကြီးမေးခွန်းမှာမေးခဲ့သလို ယခင်က သဘောတူစာချုပ်များမှာ ထည့်သွင်းချုပ်ဆိုခဲ့ခြင်းမရှိတာကြောင့် ၂၀၁၃-၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ စပြီးတော့မှ ဒီ CSR လုပ်ငန်းတွေကို စာချုပ်ထဲမှာ ထည့်သွင်းချုပ်ဆိုပြီးတော့မှ ဆောင်ရွက်နေပြီဖြစ်တဲ့အကြောင်း ဖြေကြားခြင်းဖြစ်ပါတယ်။

မေးခွန်း(၂)ပါ ကလေးဝမြို့နယ်မှာ ကျောက်မီးသွေးထုတ်လုပ်တဲ့ ကုမ္ပဏီများက ကူညီမှုများ ပေးခြင်းရှိ/မရှိမေးခွန်းနဲ့စပ်လျဉ်းပြီး ကလေးဝမြို့နယ်အတွင်းမှာရှိတဲ့ ကျောက်မီးသွေးထုတ်လုပ်တဲ့ ကုမ္ပဏီငါးခုရဲ့ လူမှုရေးတာဝန်ယူမှုတွေကို ကျွန်တော်တို့ ဖော်ပြသွားမှာဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့လည်း အချိန်ကိုလေးစားသောအားဖြင့် Power Point ဖြင့်တင်ပြခြင်းကို ခွင့်လွှတ်ပေးဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျား။ Power Point မှာ ကျွန်တော်တင်ပြထားတဲ့ ကုမ္ပဏီငါးခုရဲ့ CSR လုပ်ငန်းများကို ကျွန်တော် ဖော်ပြပေးထားပါတယ်။ စုစုပေါင်းကုမ္ပဏီငါးခုရဲ့ သာသနာရေးအလှူငွေ၊ ကျန်းမာရေးအလှူငွေ၊ ပညာရေးအလှူငွေ၊ လူမှုရေးအလှူငွေ စုစုပေါင်း ၄၁၁၃၂၅၀၀ တန်ဖိုးရှိ အလှူငွေများ ဒေသအတွက်ကို လှူဒါန်းပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(၃)ပါ မြို့၊ ရွာဒေသများဖွံ့ဖြိုးရေးအတွက် အစိုးရမှ ကုမ္ပဏီများနှင့် မည်ကဲ့သို့ညှိနှိုင်းပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီးလည်း ကျွန်တော်ဆက်လက်ပြီးတော့မှ ဖြေကြားသွားပါ

မယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၃) သတ္တုတွင်း လုပ်ငန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မီးသွေးထုတ်လုပ်သူလုပ်ငန်းရှင်များအား ၈-၁၂-၂၀၁၃ ရက်နေ့မှာ နေပြည်တော်သို့ဖိတ်ကြားခေါ်ယူပြီး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး ကျောက်မီးသွေးလုပ်ငန်းရှင်များအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ၂၀-၆-၂၀၁၄ ရက်နေ့မှာ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မီးသွေးထုတ်လုပ်သူလုပ်ငန်းရှင်များအဖွဲ့ ဖွဲ့စည်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ထပ်မံပြီးတော့မှ ညှိနှိုင်းအတည်ပြုချက်ရယူခဲ့ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်ငွေရဲ့ ၃ ရာခိုင်နှုန်း ကို စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ လူမှုရေးတာဝန်ယူမှု CSR ရန်ပုံငွေအတွက် ထည့်ဝင်ရန်အတည်ပြုဆုံးဖြတ်ခဲ့ပါကြောင်းနှင့် မြို့၊ ရွာဒေသများဖွံ့ဖြိုးရေးအတွက် အမှတ်(၃) သတ္တု တွင်းလုပ်ငန်းမှကုမ္ပဏီများနှင့် အခါအားလျော်စွာ ဆက်လက်ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်းလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနရဲ့ကိုယ်စား ဆက်လက်ပြီး ဖြေကြား ခွင့်ပြုပါခင်ဗျား။ ကလေးဝမြို့နယ်မှာ မြန်မာ့သစ်လုပ်ငန်းကိုယ်စား သစ်ထုတ်လုပ်ခဲ့တဲ့ တင်ဝင်းထွန်း ကုမ္ပဏီအနေနဲ့ ကလေးဝမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာအုပ်စု သက္ကယ်ကျင်း၊ အောင်ချမ်းသာ၊ ဆယ်အိုင်မကျေးရွာများမှာ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ဘာသာရေးဆိုင်ရာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိအောင် ဆောင်ရွက်ခဲ့တဲ့ ငွေပမာဏ ဟာ ကျပ်သိန်းပေါင်း ၂၀၀၀ ဖိုးခန့်ရှိပြီးတော့မှ ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်းများကတော့ Power Point မှာ တင်ပြထားတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ စုစုပေါင်းနေရာ ၁၆ နေရာမှာ အစီအစဉ် ၁၆ ခုနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့မှ ဘာသာရေးဆိုင်ရာလှူဒါန်းမှုတွေ၊ ဒေသမှာရှိတဲ့ တစ်ဖက်ပိတ် ရေလှောင်တမံများ ဆောင်ရွက်မှုတွေ၊ ရေရရှိရေးဆောင်ရွက်မှုတွေနဲ့ လမ်းဖောက်လုပ်မှုတွေ စုစုပေါင်း ကျပ်သိန်း ၂၀၀၀ နီးပါးတန်ဖိုးခန့် ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားမှုများကိုလည်း ကျွန်တော်ဆက်လက်ပြီးတော့မှ ဖြေကြားခွင့်ပြုပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ နိုင်ငံပိုင်သဘာဝသယံဇာတပစ္စည်းများ တူးဖော်ထုတ်လုပ်လျက်ရှိတဲ့ ကုမ္ပဏီများကို တူးဖော်ထုတ်လုပ်တဲ့မြို့နယ် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပါဝင်ဆောင်ရွက်ဖို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကုမ္ပဏီများအနေနဲ့ စာချုပ်မှာမပါရှိပေမယ့်လည်း လက်ရှိအခြေအနေမှာ တန်ဖိုး

သတ်မှတ်မှုမရှိဘဲ လုပ်ငန်းအခြေအနေပေါ်မှာမူတည်ပြီး သက်ဆိုင်ရာဒေသရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံပိုင်သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်လျက်ရှိတဲ့ ကုမ္ပဏီများအနေဖြင့် နောင်မှာ ကုမ္ပဏီရဲ့လုပ်ငန်းအပေါ်မှာ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် အကျိုးအမြတ်ပေါ် ရာခိုင်နှုန်းတစ်ခု သတ်မှတ်ပြီး သယံဇာတထွက်ရှိရာဒေသ၊ မြို့နယ်များရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီရန်အချက်ကို စာချုပ်မှာ ထည့်သွင်းချုပ်ဆိုသွားမှာဖြစ်တဲ့အကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့ရှိ ပြည်သူများ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မည်သည့်အစီအမံများရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများဖြစ်တဲ့ ခန္တီး၊ ဖောင်းပြင်၊ ဟုမ္မလင်း စတဲ့မြို့များဟာ ၂၄ နာရီဓာတ်အားရရှိရေးအတွက် ဖဆပလအစိုးရလက်ထက်ကတည်းက စတင်ခဲ့တဲ့ စီမံကိန်းကြီး ဖြစ်တဲ့ ထမံသီစီမံကိန်းကို မျှော်လင့်တကြီး အားထားခဲ့ကြရတာ ဖြစ်ပါတယ်။ ဒါပေမယ်လို့ ယခုအခါ အဲဒီ ထမံသီစီမံကိန်းကို ရပ်ဆိုင်းလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ဒေသအတွင်းမှာရှိတဲ့ ပြည်သူတွေဟာ မျှော်လင့်ချက် ကုန်ဆုံးသလောက်ဖြစ်သွားခဲ့ရပါတယ်။ ကျွန်တော်တို့ လက်ရှိအခြေအနေမှာ ဟုမ္မလင်းမြို့နယ်မှာ မြို့ပေါ်မှာဆိုရင်လည်း ကျွန်တော်တို့မြို့ဟာ အိမ်ခြေ ၂၀၀၀ ကျော်၊ ၃၀၀၀ နီးပါး ရှိသော်လည်းပဲ ဒီဇယ်မီးနဲ့ပေးရတဲ့အခါမှာ တစ်ညကို သုံးနာရီမီးလင်းရေးကော်မတီက ပေးပါတယ်။ ဓာတ်အားခကတော့ တစ်ယူနစ်ကို ၄၀၀ နှုန်းပေးရပါတယ်။ ဒါပေမယ်လို့လည်း စက်အားမနိုင်တဲ့ အတွက် ပေးနိုင်တဲ့ဦးရေဟာ တပ်ဆင်ပေးနိုင်တဲ့ဦးရေဟာ ၅၀၀ ကျော်လောက်ပဲ သုံးစွဲရပါတယ်။ အဲ့ဒီတော့ ပြင်ပပုဂ္ဂလိကဌာနက သွယ်ယူရတဲ့ မီးအားက ဓာတ်အားခအနေနဲ့ကတော့ တစ်ယူနစ်ကို ၆၀၀၊ တချို့ပုဂ္ဂလိကက ၇၀၀ အထိပေးပြီးတော့ ကျန်တဲ့ပြည်သူတွေဟာ ဈေးကြီးကြီးနဲ့သုံးစွဲနေရပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဒေသကို ခန္တီး၊ ဟုမ္မလင်းစတဲ့ ပြည်သူများ ၂၄ နာရီ ဓာတ်အားရရှိရေးအတွက် အစီအမံများရှိပါသလား။ (၁)မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။ ဒုတိယ

မေးခွန်းအနေနဲ့တော့ လက်ရှိမဟာဓာတ်အားလိုင်းရရှိနေတဲ့ ပင်လယ်ဘူးမြို့မှတစ်ဆင့် ဖောင်းပြင်မြို့ကို ပထမအဆင့်အနေနဲ့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ်ရှိပါသလား။ (၃) အနေနဲ့ မဟာဓာတ်အားလိုင်းမှ သွယ်တန်းပေးရန်အခက်အခဲရှိပါက ၂၄ နာရီဓာတ်အားရရှိနိုင်ရေးအတွက် အခြားမည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ဘက်ခြမ်းမှာရှိတဲ့ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးမြို့များဟာ နိုင်ငံတော်ဓာတ်အားစနစ်မှ အလှမ်းကွာဝေးလွန်းတဲ့ဒေသများ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဓာတ်အားလိုင်းများ သွယ်တန်းပို့လွှတ်ရန် များစွာအချိန်ယူရမှာဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါဒေသတွေဟာ အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ပြုလုပ်ပြီးတော့ ဓာတ်အားရရှိစေရန် ဆောင်ရွက်နိုင်တဲ့ ရေအားအရင်းအမြစ်များရှိတဲ့ဒေသများလို့ ကျွန်တော်တို့ သိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကြောင်းကြားချက်အရပဲ ယခုနှစ်ပွင့်လင်းရာသီမှာ ဖောင်းပြင်မြို့နယ်၊ ကန်တော်ချောင်းကို ကွင်းဆင်းလေ့လာရန် စီစဉ်ထားပြီးဖြစ်ပါတယ်။ အလားတူပဲ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကြောင်းကြားချက်အရပဲ ဟုမ္မလင်းမြို့နယ်အတွင်းမှာရှိတဲ့ နတ်နန်းချောင်းနှင့် မောက်ဆည်ချောင်းတို့ကိုလည်း ယခုနှစ်ပွင့်လင်းရာသီမှာပဲ ကျွန်တော်တို့ ကွင်းဆင်းတိုင်းတာပေးရန် စီစဉ်ထားပြီးဖြစ်ပါတယ်။ ခန္တီးမြို့နယ်အတွင်းမှာတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးကနေပြီးတော့ အကြောင်းကြားချက်အရ ၂၀၁၂ ခုနှစ်အတွင်းမှာ ကျွန်တော်တို့ သွားရောက်တိုင်းတာတဲ့အခါမှာတော့ နန်းခမ်းချောင်းဟာ ရေအလွန်နည်းပါးတဲ့အတွက်ကြောင့်မို့လို့၊ ဖြစ်နိုင်ခြေနည်းပါးတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကိုလည်း ကျွန်တော်တို့ ပြန်လည်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခုတင်ပြ

ခဲ့မှုများဟာ သက်ဆိုင်ရာဒေသခံများမှ ဖြစ်နိုင်ခြေရှိသောနေရာများကို အကြောင်းကြားလာတဲ့အပေါ် မှာမူတည်ပြီးတော့ ကျွန်တော်တို့ သွားရောက်တိုင်းတာရန် စီစဉ်ခဲ့ခြင်းပဲဖြစ်ပါတယ်။

သို့ပါ၍ ပွင့်လင်းရာသီမှာ တိုင်းတာရေးအဖွဲ့များ မထွက်ခွာမီမှာ အခြားသောနီးစပ်ရာ အရင်းအမြစ်များတွေ့ရှိပါက ဒေသခံများနှင့်ညှိနှိုင်းပြီးတော့ အကြောင်းကြားလာမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီတစ်ခေါက် နွေရာသီသွားတဲ့အချိန်မှာ တစ်ပြိုင်တည်းနဲ့ အနားပတ်ဝန်းကျင်မှာရှိတဲ့မြို့တွေ၊ နယ်တွေမှာ ကျွန်တော်တို့ တိုင်းတာပြီးတော့ ရရှိတဲ့ Result တွေ အချိန်မီပေးပြီးတော့ ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ထို့အပြင် ပင်လယ်ဘူးကနေပြီးတစ်ဆင့် ဖောင်းပြင်ကို ဓာတ်အားလိုင်းသွယ်တန်းနိုင်ပါသလားလို့ မေးတဲ့မေးခွန်းပေါ်မှာတော့ ကျွန်တော်တို့ ပင်လည်ဘူးမြို့ကို ပို့လွှတ်ထားတဲ့ ၃၃ ကေဗွီဓာတ်အားလိုင်းဟာ လောလောဆယ်မှာကိုပဲ ၅၁ မိုင်အလျားရှိနေပြီဖြစ်ပါတယ်။ ဖောင်းပြင်ကို ထပ်ပြီးတော့ နောက်ထပ် ၆၅ မိုင် ထပ်ဆွဲမယ်ဆိုလို့ရှိရင် ၃၃ ကေဗွီဓာတ်အားလိုင်းဟာ ၁၁၆ မိုင်အထိ ရှည်လျားသွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မည်သူ့မှအကျိုးမရှိဘဲ ဓာတ်အားရောက်ရှိမှာ မဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အဲ့ဒီကိစ္စကို နည်းပညာအခက်အခဲကြောင့်မို့လို့ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်းမရှိခြင်းဖြစ်ပါတယ်။

သို့ပါ၍ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးမြို့များကို ဓာတ်အားပေးရေးစနစ်အတွက် အမြန်ဆုံးဖြစ်နိုင်ခြေရှိတဲ့ အသေးစားရေအားလျှပ်စစ်အရင်းအမြစ်များကို ရှာဖွေဆောင်ရွက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော်တို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ ယခုနှစ်ပွင့်လင်းရာသီမှာ အကြောင်းကြားထားပြီးသားဖြစ်တဲ့ ရေအားလျှပ်စစ်အရင်းအမြစ်တွေကိုလည်း သွားရောက်တိုင်းတာပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကိုလည်း အချိန်မီထပ်မံပြီးတော့ ရှိနိုင်တဲ့အရင်းအမြစ်များကို အကြောင်းကြားပေးပါလို့လည်း မေတ္တာရပ်ခံလိုပါတယ်။ အဆိုပါမြို့တွေကို ၂၄ နာရီ ဓာတ်အားရရှိဖို့အတွက်ကတော့ ကျွန်တော်တို့ လက်ရှိမဟာဓာတ်အားလိုင်း ရောက်ရှိတဲ့နေရာကနေပြီးတော့မှ ဟုမ္မလင်းပတ်ဝန်းကျင်ကနေ အထက်ပိုင်းကို ကျွန်တော်တို့ နီးစပ်ရာဓာတ်အားလိုင်းကနေပြီးတော့ သွယ်တန်းနိုင်ဖို့အတွက် မဟာဓာတ်အားလိုင်းရောက်ရှိတဲ့ ဒေသများသို့ရောက်ရှိရေး နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်တို့ နိဂုံးချုပ်တင်ပြရင်း ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမ်းမြို့ရှိ ၁၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းအား ၂ မဂ္ဂါဝပ်ခန့်အထိ လျှော့ပြီး Low-Head Dam Scheme အနေဖြင့် အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်(တောင်ပိုင်း)၊ ဂွမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော် ယခုမေးမယ့်မေးခွန်းက ရခိုင်ပြည်အလယ်ပိုင်း၊ အမ်းမြို့မှာရှိတဲ့ ရေအားလျှပ်စစ်ကိစ္စဖြစ်နေပါတယ်။ ကျွန်တော် ယခုကဲ့သို့ မေးမြန်းရခြင်းကလည်း ကျွန်တော်ဟာ ရေအားလျှပ်စစ်ဌာနက အငြိမ်းစားယူခဲ့တဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် အကြောင်းအချက်တချို့ကိုလည်း သိပြီးဖြစ်တာရယ်၊ ရခိုင်ပြည်နယ်သားတစ်ယောက်ဖြစ်နေတဲ့အတွက်ကြောင့် တခြားမြို့နယ်က ဒေသရဲ့အကြောင်းကို ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကတည်းက စခဲ့ပါတယ်။ အဲ့ဒီတုန်းက ၁၀ မဂ္ဂါဝပ်ရရှိအောင်ဆိုပြီးတော့ ကြိုးစားဆောင်ရွက်ခဲ့တဲ့ နေရာမှာ ဒီအခက်အခဲတွေဟာ ကုန်ကျလာမယ့်စရိတ်နဲ့ ရရှိတဲ့ဓာတ်အားအချို့ဟာ အင်မတန်ကွာခြားချက်ရှိပါတယ်။ အဲ့ဒီတုန်းကလည်း ရခိုင်ပြည်နယ်မှာ လျှပ်စစ်ဓာတ်အား ၂၄ နာရီရရှိဖို့ ခဲယဉ်းတဲ့အတွက်ကြောင့် ယခုကဲ့သို့ အကုန်အကျအမြောက်အမြားရှိမယ့်စီမံကိန်းကို နိုင်ငံတော်က ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သို့ရာတွင် ယခုအခါ မဟာဓာတ်အားလိုင်းကြီးဟာ အမ်းမြို့ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ခုလုံး ဒီအမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ရပ်ဆိုင်းထားတာတွေ့ရပါတယ်။ ဒါပေမယ့် ဒီစီမံကိန်းရဲ့ကုန်ကျငွေဟာ သန်းပေါင်းသုံးထောင်၊ လေးထောင်လောက်ကုန်ကျပြီးဖြစ်တဲ့အပြင် ဒီချောင်းမှာလည်း ရေစိမ့်တားနံရံကပြီးပြီလို့ သိရပါတယ်။ အဲ့ဒီတော့ ကုန်ကျစရိတ်အထိုက်အလျောက်ရှိပြီးတဲ့ ဒီစီမံကိန်းကို ဒီအတိုင်းရပ်ပြီးတော့ အလဟဿဖြစ်မယ့်အစား ၂ မဂ္ဂါဝပ်လောက်ပဲထုတ်မယ့် Low-Head စီမံကိန်းမျိုးလုပ်လို့ရှိရင် အမ်းမြို့လည်း သောက်ရေသုံးရေ ဖူလုံနိုင်တဲ့အတွက်ကြောင့် ကျွန်တော် မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ရှိ ၁၀ မဂ္ဂါဝပ် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းအား ၂ မဂ္ဂါဝပ်အထိ လျှော့ချပြီး Low-Head Dam Scheme အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားသွားမှာ

ဖြစ်ပါတယ်။ အမ်းမြို့ဟာ ရခိုင်ပြည်နယ်အတွင်းမှာ နိုင်ငံတော်ဓာတ်အားစနစ်နဲ့ အလှမ်းကွာဝေးတဲ့ ဒေသမှာ တည်ရှိတဲ့အတွက်ကြောင့်မို့လို့ ဒေသအတွင်း သီးခြားဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့ စဉ်းစားပြီးတော့ ၂၀၀၈ ခုနှစ်က အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို တိုင်းတာ ဆောင်ရွက်ခဲ့ ပါတယ်။ မိုးရာသီမှာ အများဆုံး ၁၀ မဂ္ဂါဝပ်လောက်အထိရနိုင်ပြီးတော့ နွေရာသီမှာ ၂ မဂ္ဂါဝပ် လောက်အထိ ရနိုင်တယ်ဆိုပြီးတော့ ကျွန်တော်တို့ ၁၀ မဂ္ဂါဝပ်တပ်ဆင်မယ်လို့ ရည်မှန်းထားခဲ့ပါတယ်။ စီမံကိန်းဟာ အမ်းမြို့အထက်ဘက် အမ်းချောင်းပေါ်မှာတည်ရှိပြီးတော့ ဘူမိဗေဒအခြေအနေအရ ချောင်းတစ်လျှောက်မှာ ပေ ၆၀ ခန့် ထူတဲ့အနည်ကျသဲ/ကျောက်စရစ်များ ရှိနေတဲ့နေရာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကွန်ကရစ်တမံနဲ့ တည်ဆောက်လို့မဖြစ်လို့ မြေသားတမံကို ရွေးချယ်ခြင်းဖြစ်ပါတယ်။ တမံအမြင့်ကတော့ ၁၅၇ ပေ မြင့်မှာဖြစ်ပါတယ်။ အမ်းချောင်းရဲ့သဘာဝကတော့ နွေရာသီမှာ ကုဗပေ ၂၀၀ ခန့်သာရှိပြီးတော့ မိုးရာသီမှာ ၁၀၀၀၀ ခန့်အထိ ရှိတဲ့အတွက်ကြောင့်မို့လို့ ရေစီးနှုန်းကြမ်းတဲ့ အတွက်ကြောင့်မို့လို့ အချိန်တိုအတွင်းမှာ စီးလာတဲ့ရေကို အထိုက်အလျောက်ထိန်းသိမ်းနိုင်မယ့် အမြင့်အသင့်အတင့်ရှိတဲ့ တမံကိုရွေးချယ်ခဲ့ပြီးတော့ ရေပိုလွှဲကိုတော့ တမံရဲ့အထက်ဘက်က တောင်ကြောအနိမ့်တစ်နေရာကိုရွေးပြီးတော့ ဒီဇိုင်းအရ အများဆုံးဖြစ်နိုင်ချေရှိတဲ့ တစ်စက္ကန့်ကို ကုဗပေတစ်သိန်းကျော်အထိထုတ်နိုင်တဲ့ ရေပိုလွှဲတစ်ခုကို ကျွန်တော်တို့ တည်ဆောက်ရန် စီစဉ်ခဲ့ ပါတယ်။ စီမံကိန်းလုပ်ငန်းများ စတင်မှုအဖြစ် ၂၀၁၀ ခုနှစ်မှာ တမံအောက်ခြေ မှာ ပေ ၆၀ ခန့်ထူတဲ့ အနည်ကျသဲ/ကျောက်ထုအတွင်းမှာ ရေစိမ့်မထွက်ဖို့အတွက် တမံအူကြောင်းတစ်လျှောက် စိမ့်ရေ တားတဲ့ကွန်ကရစ်နံရံကို မြေဖယောင်းနဲ့ ဆောင်ရွက်ဆဲဖြစ်ပြီးတော့ တည်ဆောက်ရေးကာလအတွင်း ကြီးမားသောမိုးရာသီရေတူစီးနှုန်းကို လွှဲနိုင်ဖို့အတွက်ကတော့ ကွန်ကရစ်ရေလွှဲရေ ထုတ်ပြွန်ဟာ ဆောင်ရွက်ဆဲဖြစ်ပါတယ်။

စီမံကိန်းတည်ဆောက်ဖို့အတွက် အချိန်ငါးနှစ်ခန့် ကြာမြင့်မှာဖြစ်ပြီးတော့ လုပ်ငန်းရာသီနှစ်ခု ကိုတော့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ပြီးဖြစ်ပါတယ်။ ထိုစဉ်က ပေါက်ဈေးအရဆိုရင်တော့ စီမံကိန်းတစ်ခု လုံးရဲ့ ကုန်ကျစရိတ်ဟာ ၆၄ ဘီလီယံခန့်အထိ ရှိနိုင်မှာဖြစ်ပါတယ်။ တစ်မဂ္ဂါဝပ်ကုန်ကျစရိတ်ဟာ ၆ ဘီလီယံခန့်အထိ ကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါအလွန်များပြားတဲ့ ကုန်ကျစရိတ်ဖြစ်ပါ တယ်။ ဤမျှကုန်ကျမယ့်ငွေကို နိုင်ငံတော်မှ ရင်းနှီးရန် စဉ်းစားခဲ့ခြင်းဟာလည်း ဒီဒေသမှာ မဟာ ဓာတ်အားလိုင်းရောက်ရှိရန် လွန်စွာကြာမြင့်မှာဆိုတဲ့ အခြေခံအချက်အပေါ်မှာမူတည်ပြီးမှ ကျွန်တော် တို့ ဓာတ်အားသုံးစွဲဖို့ တခြားနည်းနဲ့နှိုင်းယှဉ်ရင် သက်သာမယ်လို့ ထင်တဲ့ဟာနဲ့ ကျွန်တော်တို့ စတင်ခဲ့

ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်မှာ နိုင်ငံတော်က ရခိုင်ပြည်နယ်တစ်ခုလုံးကို သုံးနှစ်အတွင်း နိုင်ငံတော် မဟာဓာတ်အားလိုင်းမှ ဓာတ်အားပို့လွှတ်ပြီးတော့ ဓာတ်အားဖြန့်ဖြူးရေးအတွက် သေးငယ်ပြီး စီးပွားရေးတွက်ခြေမကိုက်တဲ့၊ ကုန်ကျစရိတ်များတဲ့ အမ်းချောင်းစီမံကိန်းကိုရပ်ပြီးတော့ ရခိုင်ပြည်နယ်ဓာတ်အားလိုင်းများမှ အင်အားဖြည့်ကျခံသုံးစွဲရန် စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။ စီစဉ်ခဲ့တဲ့အတိုင်းပဲ ၂၀၁၄ ခုနှစ် မေလမှာ သံတွဲနှင့် တောင်ကုတ်မြို့များကို ဓာတ်အားလိုင်းရောက်ရှိနေပြီးတော့ အခု ဩဂုတ်လအတွင်းမှာ မအီနှင့် အမ်းဒေသများကို မဟာဓာတ်အားလိုင်းကနေပြီးတော့ ဓာတ်အားပေးနိုင်တော့မှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ရခိုင်ပြည်နယ်(မြောက်ပိုင်း)အထိအောင် မဟာဓာတ်အားလိုင်းပြီးစီးပြီးတော့ နိုင်ငံတော်အတွင်း ကြေညာထားပြီးဖြစ်တဲ့ ဓာတ်အားခဈေးနှုန်းအတိုင်းပဲ ဓာတ်အားပေးနိုင်မှာဖြစ်ပါတယ်။ ဒီလို ဆုံးဖြတ်ရပ်နားပြီးတဲ့နောက်ပိုင်းမှာ လက်ရှိဆောင်ရွက်ထားတဲ့ အမ်းချောင်းစီမံကိန်းလုပ်ငန်းများ သင့်တင့်သော အနိမ့်ပုံစံဖြင့် ဆောင်ရွက်သွားရန် စဉ်းစားပြီးတော့ နည်းမျိုးစုံဖြင့် စီမံကိန်းစနစ်များကို ပြောင်းလဲစဉ်းစားခဲ့ပါတယ်။ တမံအမြင့်ကို နိမ့်ချပြီးတော့ ဆောင်ရွက်ရေးကို စဉ်းစားတဲ့နေရာမှာ တမံနိမ့်လာလို့ရှိရင် ရေထိန်းနိုင်မှုပိုနည်းပြီးတော့ မိုးရာသီမှာ အားလုံးနီးပါးထုတ်လွှတ်ရမယ့်အနေအထားဖြစ်သွားခဲ့ပါတယ်။ ရေပိုလွှဲရဲ့ သဘောသဘာဝကလည်း ကွန်ကရစ်ကိုသာ သုံးရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အောက်ခံကလည်း အမာခံရှိဖို့လည်း လိုအပ်ပါသေးတယ်။ ဤနေရာမှာ မိုးရာသီ လာသမျှရေအများစုကို လွှဲပေးနိုင်ဖို့အတွက် ကွန်ကရစ်ရေပိုလွှဲတစ်ခုကို တည်ဆောက်ပေးဖို့ဆိုတဲ့နေရာမှာ နှစ်နည်းပဲရှိပါတယ်။ တစ်နည်းကတော့ ချောင်းကြမ်းပြင်ဟာ ပေ ၆၀ ခန့်ထူတဲ့ သဲကျောက်တွေရှိတဲ့အတွက်ကြောင့်မို့လို့ ချောင်းကြမ်းပြင်ပေါ်ကနေလွှဲဖို့ အခက်အခဲရှိတဲ့အတွက်ကြောင့်မို့လို့ နီးစပ်ရာတောင်ကုန်းတစ်ကုန်းကို ဖြိုပြီးတော့ ကျွန်တော်တို့ ရေပိုလွှဲတစ်ခုလုပ်ရမှာဖြစ်ပါတယ်။ ဒါဟာ အတော်ကို ခက်ခဲတဲ့နည်းစနစ်တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ချောင်းအကျယ်တစ်ခုလုံးနီးပါးကို ကွန်ကရစ်ရေပိုလွှဲပြုလုပ်ရမှာဖြစ်ပြီးတော့ အခြေခံတမံတစ်ခုလုံးကို ကွန်ကရစ်တမံအဖြစ်နဲ့ တည်ဆောက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါဟာလည်းပဲ နည်းပညာအရ အတော်ကို ခက်ခဲတဲ့ကိစ္စဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ တမံအနိမ့်များရဲ့ထုံးစံအရ နုန်းထုတ်ပေါက်ကလည်း လုံလောက်စွာထည့်သွင်းပေးရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီနုန်းထုတ်ပေါက် ထည့်သွင်းဖို့ဆိုတာလည်းပဲ တမံသည် ကွန်ကရစ် Structure ဖြစ်နေရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါဟာလည်းပဲ နည်းပညာပိုင်းဆိုင်ရာအရ အခက်အခဲဖြစ်လျက်ရှိပါတယ်။ မည်သို့ပင်ဆို

စေကာမူ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည့်အနက်မှ ပြန်လည်ဖြုတ်ယူ၍မရတော့တဲ့ ကွန်ကရစ် ရေလှောင်ရေထုတ်ပြွန် အစိတ်အပိုင်းတချို့နဲ့ တည်ဆောက်ပြီးစီးထားတဲ့ စိမ့်ရေတားအစိတ်အပိုင်းတချို့ကို အကျိုးရှိစေရေးအတွက် ကျွမ်းကျင်မှုရှုထောင့်၊ စီးပွားရေးရှုထောင့်နဲ့ အောက်ဘက်သုံးမိုင်ခွဲလောက် မှာရှိတဲ့ အမ်းမြို့သူ မြို့သားများရဲ့ အန္တရာယ်ကင်းရှင်းရေးရှုထောင့်တို့ကို အားလုံးထည့်သွင်းစဉ်းစား ပြီးတော့ ဆောင်ရွက်ဖို့အတွက် ဌာနပညာရှင်များနှင့် အခြားကျွမ်းကျင်သူများပါ နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အဆိပ်ရှိပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများ အန္တရာယ် ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးအတွက် သီးသန့်စက်မှုဇုန်တစ်ခုသတ်မှတ်ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိပ်ရှိပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန် လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး အတွက် သီးခြားသီးသန့်စက်မှုဇုန်တစ်ခု သတ်မှတ်ထူထောင်ပေးမှုမျိုး အစီအစဉ်ရှိ/မရှိ သိရှိလို ကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ စိုက်ပျိုးရေး ပိုးသတ်ဆေးများထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း ဒါတွေကိုစနစ်တကျ စီမံဆောင်ရွက်စေရန်နှင့် လူနှင့် ပတ်ဝန်းကျင် ဘေးအန္တရာယ်ဖြစ်စေတတ်သောအဆိပ်ငွေ့များ နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပေါ် လာစေရန်၊ ကြိုတင်ကာကွယ်ထိန်းချုပ်ထားရှိနိုင်စေရန် အစိုးရမှာတာဝန်ရှိပါတယ်။ ဒီတာဝန်ရှိလျက်နဲ့ အညီ ကြိုတင်စီမံဆောင်ရွက်စေရန်ရည်ရွယ်၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလို မေးခွန်းမျိုးကို မမေးချင်ပါဘူး။ ဒါပေမယ့် မေးမြန်းဖို့လိုအပ်နေပြီဖြစ်တဲ့အတွက် တာဝန်ရှိလို့ မေးမြန်း ရခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာပိုးသတ်ဆေးများ မှတ်ပုံတင်ခြင်း၊ တင်သွင်း ဖြန့်ဖြူးခြင်းနှင့်လိုင်စင်အမျိုးမျိုး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပေး ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်မှာ ပြည်တွင်းကုမ္ပဏီများဟာ ပြည်ပမှပိုးသတ်ဆေးများကို နည်းလမ်းအမျိုးမျိုးဖြင့် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။ သို့ရာတွင် အချို့ ကုမ္ပဏီတွေဟာ အဆိပ်ရှိပိုးသတ်ဆေးများကို ရန်ကုန်မြို့တော် ဧရိယာအတွင်းမှာပင် ပြန်လည်ထုပ်ပိုး ခြင်း၊ သိုလှောင်ခြင်းမျိုးကို လျှို့ဝှက်ဖြစ်စေ၊ ထင်ထင်ပေါ်ပေါ်ဖြစ်စေ ဆောင်ရွက်နေတာကို တွေ့ရှိရ

ပါတယ်။ အင်မတန်ကိုအန္တရာယ်ကြီးပါတယ်။ စိုးရိမ်စရာလည်း အလွန်ကောင်းပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လူနေရပ်ကွက်များနှင့် နီးစပ်တဲ့စက်မှုဇုန်တွေမှာ ဒီလိုအဆိပ်ရှိတဲ့ပစ္စည်း သိုလှောင်ခြင်း အားဖြင့် သဘာဝဘေးအန္တရာယ်ကြောင့်ရေကြီးခြင်း၊ မီးလောင်ခြင်း စသောသဘာဝဘေးအန္တရာယ် ကြောင့် ရင်ဆိုင်ကြုံတွေ့ရပါက ရေတွင်းရေများ၊ သောက်သုံးရေများ ညစ်ညမ်းစေပြီး မီးလောင်မှု ဖြစ်ပွားပါက ပေါက်ကွဲမှုပြင်းထန်ပြီး အဆိပ်ငွေ့များပါရှိသည့်လေများကို ရှုကြရပါတယ်။ တစ်နည်း အားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများ အချိန်ကြာမြင့်စွာဖြစ်စေ ပါတယ်။ ဥပမာအနေနဲ့ သာဓကပြောရရင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက် မေတ္တာမွန် ဂိုထောင်ဝင်းအတွင်းမှာ မီးလောင်ပေါက်ကွဲမှုတကယ့်ဖြစ်စဉ်အမှန်ကို လေ့လာကြည့်ရင် သိရှိနိုင်ပါတယ်။ ဖြစ်စဉ်ကတော့ ၂၉-၁၂-၂၀၁၂ သန်းခေါင်ယံအချိန်မှာ ဓာတုပစ္စည်းနှင့် ပရ ဆေးပစ္စည်းများ၊ ဆေးပစ္စည်းများ အပူချိန်မြင့်မား၍ မီးလောင်ပေါက်ကွဲမှု အကြီးအကျယ်ဖြစ်ခဲ့ရ ပါတယ်။ ဆုံးရှုံးမှုအနေနဲ့ပြောရရင်တော့ ပစ္စည်းတန်ဖိုးသိန်း ၁၀၀၀ ကျော် ဆုံးရှုံးပါတယ်။ အိမ်ထောင်စု ၂၀၀ နီးပါးက အိုးမဲ့အိမ်မဲ့ဖြစ်ရပါတယ်။ ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် လူအများအပြား ဒဏ်ရာရ၍ ပေါက်ကွဲလွင့်စင်မှုကြောင့် ဧရိယာကျယ်ပြန့်စွာဖြစ်ရပါတယ်။ မြင်သာအောင်ပြောရရင် ပုဇွန်တောင်ချောင်းထဲမှာရှိတဲ့ မော်တော်တွေတောင်မှ မီးလောင်တာခံရပါတယ်။ ပေါက်ကွဲလွင့်စင်မှုရဲ့ ဒဏ်ကြောင့် ဒီမော်တော်တွေဟာ မီးလောင်တာကိုခံရပါတယ်။ အထူးသဖြင့် သတိထားမိတာကတော့ မီးသတ်သမားဆိုရင် ပေါက်ကွဲလွင့်စင်တဲ့ပစ္စည်းနဲ့အတူ ပေ ၂၀ ထိကွာပြီးတော့ သေဆုံးသွားပါတယ်။ နောက်အဲ့ဒီနေရာမှာ လေ့လာကြည့်တဲ့အခါမှာ အချင်း ပေ ၄၀၊ အနက် ၁၅ ပေ ကျယ်တဲ့ မြေကျင်းကြီး တွေ ဖြစ်ပေါ်လာပါတယ်။ ထွက်ပေါ်လာတဲ့အဆိပ်ငွေ့များကြောင့် ပတ်ဝန်းကျင်သို့ ပျံ့နှံ့စေပြီး လူအများအပြားအဆိပ်ငွေ့တွေ ရှူရှိုက်ရပါတယ်။ ဤမီးလောင်ပေါက်ကွဲမှုရဲ့ ထွက်ပေါ်လာသော ပေါက်ကွဲသံများကြောင့် ရန်ကုန်လူထုမှာ စိုးရိမ်ထိတ်လန့်ခြောက်ခြားမှုအကြီးအကျယ် ဖြစ်ခဲ့ရပါတယ်။ ဒါတောင် ပေါက်ကွဲမှုဟာ ပစ္စည်းတန်ချိန် ၁၀၀ ပေါ်သာပေါက်ကွဲတာပါ။ မပေါက်ကွဲသေးဘဲ တန် ၁၀၀ ကျန်သေးပါတယ်။ ဒါကြောင့်မို့လို့ မင်္ဂလာတောင်ညွန့်ရဲ့ မီးလောင်ပေါက်ကွဲဖြစ်စဉ်ဟာ အနာဂတ် အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်ဖို့လိုအပ်ကြောင်း ကျွန်တော်တို့ကို သင်ခန်းစာအသိပေး လိုက်ခြင်းဖြစ်ပါတယ်။ အစိုးရအနေနဲ့ သတိရှိရှိစနစ်တကျ ကြိုတင်စီမံဆောင်ရွက်ထားဖို့ လိုအပ်ပါ တယ်။ ရေလယ်ခေါင်ရောက်မှ ကိစ္စရှိသည် ဆင်းတော့ဆိုလို့ မရပါဘူး။ အားလုံး ဒုက္ခရောက်ကြရ မှာပါ။ ဒီမိုကရေစီစနစ်မှာ စီမံအုပ်ချုပ်မှုညံ့ဖျင်းတဲ့အစိုးရအပေါ်မှာ ပြည်သူလူထုရဲ့ တရားစွဲဆိုမှုကို လည်း ခံရတတ်ပါတယ်။ ကျွန်တော်တို့အနာဂတ်အတွက် အကောင်းဆုံးဆောင်ရွက်ပေးဖို့ တာဝန်ရှိတဲ့ မူကြမ်း

အတွက် နိုင်ငံတော်အစိုးရမှ အဆိပ်ရှိပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း နှင့် သိုလှောင်ခြင်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် သီးခြား၊ သီးသန့်စက်မှုဇုန်တစ်ခု သတ်မှတ်ထူထောင်ပေးမှုမျိုး အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဖြေကြား ပေးပါရန် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ပိုးသတ်ဆေးဥပဒေနှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ အဆိပ်ရှိပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့် ကိုင်တွယ်သုံးစွဲခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အထိ ပိုးသတ်ဆေးကုမ္ပဏီများမှ ကုန်သွယ်မှုအမျိုးမျိုးဖြင့် ပိုးသတ်ဆေးအမျိုးအစားပေါင်း ၂၀၆၇ မျိုးအား ပိုးသတ်ဆေးဥပဒေပါ စည်းကမ်းချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ထားပြီးဖြစ်ပါတယ်။ ထို့အပြင် ရောင်းဝယ်သုံးစွဲခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားတဲ့ ပိုးသတ်ဆေးအမျိုးအစားပေါင်း ၃၉ မျိုးနှင့် ကန့်သတ်တားမြစ်ထားတဲ့ ပိုးသတ်ဆေး ခုနစ်မျိုးကိုလည်း အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၃)ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ (Pesticide Registration Board-PRB) ကို စိုက်ပျိုးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ သစ်တောဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဓာတ်ခွဲခန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနဲ့ ပါဝင်ဖွဲ့စည်းထားပြီး လူနှင့်ပတ်ဝန်းကျင်အတွက် ဘေးအန္တရာယ်ကင်းရှင်းမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတို့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပြီး PRB အဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့်သာ ပိုးသတ်ဆေးနှင့် သက်ဆိုင်သောလုပ်ငန်းများကို ဆောင်ရွက်စေခြင်းဖြစ်ပါတယ်။ ပြန်လည်ထုပ်ပိုးခြင်း

နှင့်သိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေတဲ့ကုမ္ပဏီများအား PRB အဖွဲ့မှ စစ်ဆေးဆောင်ရွက်လျက်ရှိနေပါတယ်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဟာ ပိုးသတ်ဆေးများ အန္တရာယ်ကင်းစွာဖော်စပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အပိုဒ် ၂၀ နှင့်အညီ လိုက်နာဆောင်ရွက်ရန်လည်း လမ်းညွှန်ချက်များကိုအကြိမ်ကြိမ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အကယ်၍ ပိုးသတ်ဆေးကုမ္ပဏီတစ်ခုဟာ အထက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှာပါဝင်တဲ့ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကစစ်ဆေးပြီးမှသာ ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ပိုးသတ်ဆေးထုတ်ပိုးတဲ့ စွန့်ပစ်ပစ္စည်းများ၊ ပုံးခွံများ၊ ပုလင်းခွံများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စနစ်တကျစွန့်ပစ်ရန်နှင့် ဖျက်ဆီးရန်အတွက် ခေတ်မီမီးရှို့စက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ်ကင်းရှင်းတဲ့နည်းလမ်းများ အသုံးပြု၍ဖြစ်စေ ဆောင်ရွက်ရန်အတွက်လည်း ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ အဆိပ်ရှိ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာရှိဌာနမှ မှော်ဘီပိုးသတ်ဆေးစက်ရုံ၏ ဌာနပိုင်မြေမှာ သီးသန့်ပိုးသတ်ဆေးဇုန်တစ်ခု ထူထောင်ရန်အတွက် ပိုးသတ်ဆေးကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

**ရော်ဘာစိုက်တောင်သူများအတွက် ထောက်ပံ့ငွေများပေးရန်နှင့် ရော်ဘာဈေးကွက် တည်ငြိမ်ရန်နိုင်ငံတော်အစိုးရက အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ရော်ဘာစိုက်တောင်သူများ များစွာအသက်မွေးဝမ်းကျောင်းပြုနေတာကို လေ့လာတွေ့ရှိရပါတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ

တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ အခြားတိုင်းဒေသကြီးများမှာလည်း များစွာဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်မတို့ရဲ့ မွန်ပြည်နယ်မှာ စိုက်ပျိုးမှုဧက ၄၇၀၀၆၆ ဧကရှိပြီးတော့ အစေးလှီးတဲ့ ဧက ၂၉၃၀၉၉ ဧကရှိပါတယ်ရှင်။ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာလည်း ရော်ဘာဥယျာဉ်ခြံ အများအပြားရှိနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ရော်ဘာခြံတစ်ဧကလျှင် အစေးလှီးတစ်ဦးနှုန်းအနေဖြင့် မွန်ပြည်နယ်မှာ ရော်ဘာအစေးလှီးသူ ၁၄၆၅၆၀ ဦးရှိတယ်လို့ အကြမ်းဖျင်းလေ့လာတွေ့ရှိရပါတယ်။ သူတို့တစ်တွေဟာ ဝင်ငွေနည်းပါးပြီးတော့ အခုအစေးဈေးကလည်းမရှိတဲ့အတွက်ကြောင့် ဤလုပ်ငန်းတွေကို စွန့်လွှတ်နေရပါတယ်။ နောက်ပြီးတော့ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ဒီရော်ဘာခြံတွေကို အမှီပြုပြီးတော့ အစေးလှီးနေတဲ့လူဦးရေဟာ ၁ သန်းနီးပါးလောက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၃-၂၀၁၄ ရော်ဘာဈေးဟာ မမျှော်လင့်ဘဲနဲ့ ဈေးနှုန်းတွေ အများကြီးကျဆင်းနေတာကို လေ့လာသိရှိရပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံကို လေ့လာကြည့်ရင် မိမိတို့ရဲ့ ပြည်သူတွေအတွက် အစိုးရက တာဝန်ယူမှုရှိနေတာကိုလည်း လေ့လာသိရှိရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်မမေးမြန်းချင်တဲ့မေးခွန်းကတော့ (၁) ရော်ဘာစိုက်တောင်သူများအတွက် နိုင်ငံတော်အနေနဲ့ ထောက်ပံ့ငွေများပေးဆောင်မှုအစီအစဉ်များရှိ/မရှိ။ (၂) ရော်ဘာဈေးကွက်ကို တည်ငြိမ်ရန် တောင်သူလယ်သမားများအကျိုးအတွက် နိုင်ငံတော်အစိုးရက အနိမ့်ဆုံးအဆင့် ဈေးသတ်မှတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတာကို တောင်သူများကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ရော်ဘာကို အခြားသော လယ်ယာသီးနှံများနည်းတူ စိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ်တိုးတက်မြင့်မားလျက်ရှိပါတယ်။ နိုင်ငံအတွင်းရှိ ရာသီသီးနှံစိုက်ပျိုးကြတဲ့ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်အဆင်ပြေစေရေးအတွက် စိုက်ပျိုးစရိတ်

ဈေးငွေများ ထောက်ပံ့ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မိုးရာသီ ရာသီသီးနှံဖြစ်တဲ့ စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရန်အတွက် ငွေကျပ်ဘီလီယံ ၁၀၃၇.၉၇ အား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တင်ပြတောင်းခံခဲ့ရာမှာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စပါးသီးနှံအတွက် ငွေကျပ်ဘီလီယံ ၉၈၃.၅၇၇ သာလျှင် ချေးငွေရရှိခဲ့ပါတယ်။ သို့ဖြစ်၍ ရန်ပုံငွေရရှိမှုအခြေအနေများအရ ရော်ဘာအပါအဝင် နှစ်ရှည်နှင့်ဥယျာဉ်ခြံသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ထုတ်ချေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ရော်ဘာကို ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့်မကွေးတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရော်ဘာစိုက်ဧက ၁.၅ သန်းခန့် တိုးတက်စိုက်ပျိုးခဲ့ပြီး ရော်ဘာကုန်ကြမ်း ၁၇၇၁၂၅ တန်ထိ တိုးတက်ထုတ်လုပ်ခဲ့ပါတယ်။ မွန်ပြည်နယ်ရဲ့ ရော်ဘာစိုက်ပျိုးမှုအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဧက ၄၈၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ရော်ဘာကုန်ကြမ်း ၁၀၀၀၀ ကျော် ထွက်ရှိခဲ့ပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ဒေသ ကွဲပြားခြားနားသဖြင့် ရော်ဘာတစ်ပေါင် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ဒေသတစ်ခုနှင့်တစ်ခု တူညီမှုမရှိတာကို တွေ့ရှိရပါတယ်။ ထို့ပြင် ရော်ဘာပေါက်ဈေးနှုန်းဟာ ဒေသအပေါ် အဓိကမူတည်သော ဈေးနှုန်းမဟုတ်ဘဲ ရော်ဘာကုန်ကြမ်းအဓိက သုံးစွဲတဲ့နိုင်ငံများရဲ့ ဝယ်လိုအားနှင့် ကမ္ဘာ့ရော်ဘာဈေးကွက်တို့အပေါ် တည်မှီနေရခြင်းတို့ကြောင့် နေ့စဉ်နှင့်အမျှ ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်နေပါတယ်။ ယနေ့ထိုင်းနိုင်ငံ၏ ရော်ဘာဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ လောက်ရှိပြီး မြန်မာ့ရော်ဘာဈေးနှုန်းဟာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ သာရရှိပါတယ်။ အဓိကတော့ Quality အရည်အသွေးမပြည့်မီသောကြောင့် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအနေနဲ့ မိမိတို့ထုတ်လုပ်တဲ့ရော်ဘာကုန်ကြမ်းများကို အခြားနိုင်ငံများကဲ့သို့ အရည်အသွေးပြည့်မီအောင် စနစ်တကျထုတ်လုပ်ပြီး ဈေးနှုန်းအမှန်ရရှိစေရေးအတွက် ဒေသအလိုက်ဖွဲ့စည်းထားရှိတဲ့ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ အရ နိုင်ငံတော်ရဲ့စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် ရော်ဘာဈေးနှုန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် တင်ဒါစနစ်ဖြင့် ဝယ်ယူလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းကိုမေးခွင့်ပြုပါ ဥက္ကဋ္ဌကြီးရှင်။ လေးစားပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ရော်ဘာခြံလုပ်ငန်းကို မှီခိုနေသော အလုပ်သမားများနဲ့ မိသားစုများလူဦးရေ သန်းချီရှိနေမယ်လို့ ကျွန်မအနေနဲ့ တင်ပြထားပါတယ်။ ဒီလူဦးရေတွေကို နိုင်ငံတော်ရဲ့ ဆင်းရဲမှုလျှော့ချရေးစီမံချက်မှာ ဒီပြည်သူတွေကို ကျွန်မတို့စဉ်းစားရန်သင့်/မသင့်။ နောက်တစ်ချက်ကတော့ နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်မှုပမာဏ ကျဆင်းနေတာကိုလည်း ကျွန်မတို့ စဉ်းစားရန်သင့်/မသင့်ဆိုတာကို ကျွန်မအကြံပြုပြီးတော့ တင်ပြပြီးတော့ ဒီမေးခွန်းနှစ်ချက်ကိုလည်း ဝန်ကြီးအနေနဲ့ဖြေကြားပေးပါလို့ မေတ္တာရပ်ခံပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားနိုင်ရင်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကရော်ဘာဈေးကျရခြင်းအကြောင်းအရင်းကတော့ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းရယ်၊ ဥရောပသမဂ္ဂဝင်နိုင်ငံများရဲ့ ကြွေးမြီပြဿနာရယ်၊ ကမ္ဘာ့ရေနံဈေးအတက်အကျရယ်၊ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ တင်းမာမှုတွေရယ်၊ ရော်ဘာဝယ်ယူသုံးစွဲမှုအများဆုံးဖြစ်တဲ့ တရုတ်နိုင်ငံမှာ မော်တော်ယာဉ်လုပ်ငန်းတွေကျဆင်းတာနဲ့ လက်ကျန်ရော်ဘာတွေဟာ အများကြီးရှိပြီးတော့ တရုတ်နိုင်ငံမှာလည်းရော်ဘာစိုက်ဧကတွေဟာ အများကြီးတိုးတက်လာတဲ့အတွက်ကြောင့်မို့လို့ အဓိကဝယ်ယူနေတဲ့ တရုတ်နိုင်ငံက ဝယ်ယူမှုနည်းပါးတဲ့အတွက်ကြောင့်မို့လို့ ရော်ဘာဈေးနှုန်းဟာ ဒီနေ့ကျနေတာဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတောင်သူများဟာ Quality Control မရှိတာဟာ အဓိကဖြစ်ပါတယ်။ အဓိကက အရည်အသွေးပြည့်မီတဲ့ရော်ဘာတွေကို စနစ်တကျထုတ်လုပ်မယ်ဆိုရင်တော့ စောစောကကျွန်တော်တင်ပြသလို ဒေါ်လာ ၅၀၀ လောက် တစ်တန်မှာကွာနေတဲ့ဟာ ရရှိလာပြီးတော့ ဒါစိုက်ပျိုးထုတ်လုပ်မှုအတွက် အကျိုးအမြတ်ရှိနိုင်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဆက်စပ်ပြီးတော့ ကျွန်တော်တို့လွှတ်တော်က အတည်ပြုရေးဆွဲပြဋ္ဌာန်းထားတဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်တဲ့ဥပဒေနဲ့ တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဥပဒေရှိပါတယ်။ ဒီဥပဒေရဲ့ အဓိကရည်ရွယ်ချက် သုံးခုရှိပါတယ်။ (၁) ကတော့ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ မတည်ရင်းနှီးမှုလိုအပ်ချက်ကို ချေးငွေနဲ့

ဖြည့်တင်းပေးဖို့ အဲ့လိုဖြည့်တင်းပေးတဲ့နေရာမှာ ချေးငွေရဲ့အတိုးနှုန်းလျှော့ကျရေးနဲ့ ချေးငွေကာလကို ထိုက်သင့်တဲ့ကာလအထိပေးဖို့ အဲ့ဒီရည်ရွယ်ချက်ထဲမှာပဲ အကယ်လို့ စိုက်ပျိုးထားတဲ့သီးနှံတွေ ပျက်စီးဆုံးရှုံးသွားတယ်ဆိုရင် နိုင်ငံတော်မှ ထိုက်သင့်တဲ့ပံ့ပိုးငွေ သို့မဟုတ်ရင် ကူညီငွေ၊ ထောက်ပံ့ငွေပေးဖို့ဆိုတဲ့ ဥပဒေရဲ့အဓိကရည်ရွယ်ချက်ပါပါတယ်။ နောက်ဒုတိယရည်ရွယ်ချက်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်တဲ့ တောင်သူများကို နည်းပညာပေးဖို့ဖြစ်ပါတယ်။ တတိယရည်ရွယ်ချက်ကတော့ စိုက်ပျိုးထုတ်လုပ်လို့ထွက်လာတဲ့ သီးနှံများကို ထိုက်သင့်တဲ့ဈေးရရှိရေးအတွက် ဒီလိုရည်ရွယ်ပြီးတော့ ဒီဥပဒေကိုပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ငွေကြေးဆိုင်ရာထောက်ပံ့မှု၊ နည်းပညာထောက်ပံ့မှု၊ ထွက်လာတဲ့သီးနှံများရဲ့ဈေးနှုန်းသတ်မှတ်မှု၊ ဈေးနှုန်းရရှိမှု အဲ့ဒီနည်းတူပဲ နည်းပညာထောက်ပံ့မှုဆိုတာလည်း ခုနက စိုက်ပျိုးထားတဲ့သီးနှံတွေ အရည်အသွေးတိုးတက်မြင့်မားဖို့နဲ့ အရေအတွက် တိုးတက်ထုတ်လုပ်ဖို့ဆိုတဲ့ ကိစ္စတွေပါပါတယ်။ ပြောမယ်ဆိုရင်တော့ ဒီနေ့ခုနက ဆွေးနွေးသွားသလိုပဲ ရော်ဘာလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပြုနေတဲ့နေရာမှာ လူသားတွေ သန်းနဲ့ချီရှိတယ်။ အဲ့ဒီသန်းနဲ့ချီရှိတဲ့ အလုပ်သမားများရဲ့ ဒီနေ့ဆင်းရဲမှု လျှော့ချရေးအတွက်ရော စဉ်းစားဖို့လိုပါသလားဆိုတဲ့ ဒီလို ဒုတိယမေးခွန်းအနေနဲ့ ဒါလည်းစဉ်းစားသင့်စဉ်းစားရမယ့် အချက်တစ်ခုဖြစ်တယ်လို့ပဲ တာဝန်ရှိတဲ့ လွှတ်တော်အပိုင်းရော၊ အစိုးရအပိုင်းရော ဒီလိုပဲစဉ်းစားရမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုစဉ်းစားတဲ့နေရာမှာ အခြေခံကျတဲ့ ကျွန်တော်တို့လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်တဲ့ဥပဒေနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို အလေးအနက်ထားစဉ်းစားဆောင်ရွက်မယ်ဆိုရင် အားလုံးပြည့်စုံသွားနိုင်တယ်လို့ထင်ပါတယ်။ ဒါကြောင့် တာဝန်ရှိတဲ့ ဝန်ကြီးဌာနအလိုက် ပြောမယ်ဆိုရင် (၁) တာဝန်ရှိတာကတော့ ငွေရေးကြေးရေးနဲ့ဆိုင်တဲ့ကဏ္ဍက ငွေကြေးများချေးပေးဖို့ ကဏ္ဍ၊ အဲ့ဒီနည်းတူပဲ နည်းပညာနှင့်ပတ်သက်တဲ့ ကိစ္စကျတော့ သက်ဆိုင်ရာဝန်ကြီးဌာနနှစ်ခု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ မွေးမြူရေးဝန်ကြီးဌာန နောက်တတိယ ထိုက်သင့်တဲ့ဈေးနှုန်းရရှိရေးနဲ့ ပတ်သက်လို့တော့ ဝန်ကြီးဌာနအနေနဲ့ပြောရမယ်ဆိုရင် ဒီနေ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှာ တာဝန်ရှိပါတယ်။ သူတို့တင်မဟုတ်ပါဘူး။ ကျန်တဲ့ လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများမှာလည်း တာဝန်ရှိပါတယ်။

ဒါကြောင့်မို့လို့ ရော်ဘာကိစ္စကိုပြန်ပြောမယ်ဆိုရင် ရော်ဘာအစေးခြစ်တဲ့နေရာမှာ ရော်ဘာထုတ်လုပ်တဲ့လုပ်ငန်းပိုင်ရှင်က တစ်ဝက်၊ ကျန်တဲ့တစ်ဝက်က ဒီနေ့ဒီအခါမှာ ရော်ဘာလုပ်သားများ

တစ်ဝက် ဒါကြောင့်မို့လို့ ဒီရော်ဘာစိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ လုပ်ငန်းရှင် ရော်ဘာအစေးခြစ်တဲ့ သူများဘက်ကလည်း အများစုပါမှာဖြစ်တဲ့အတွက် ဒီကိစ္စများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်စဉ်းစား ဆောင်ရွက်ဖို့ကိစ္စဖြစ်ပါတယ်။ အဲ့လိုစဉ်းစားတဲ့အခါမှာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် မယ့်နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းအပိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်မှ ပြည့်စုံမယ့် အနေအထားရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်က အတည်ပြုရေးဆွဲပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ ဘက်ပေါင်းစုံစဉ်းစားပြီး ဆောင်ရွက်ထားတဲ့ကိစ္စဖြစ်တဲ့အတွက် ထပ်လောင်းပြီးတော့ ဒီဥပဒေအကျိုးသက်ရောက်မှုရှိအောင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာထွက်ရှိ ရေးဟာ ဒီနေ့ လိုအပ်မှာဖြစ်ပါတယ်။ အဲ့လို ထွက်လာပြီဆိုရင် ခုနကပြောတဲ့ကိစ္စမျိုး ရော်ဘာတင် မကဘူး မွေးမြူရေးသမားများပါ ကျန်တဲ့ စိုက်ပျိုးထုတ်လုပ်သူများအတွက်ပါ များစွာအကျိုးရှိသလို နိုင်ငံအတွက် အကျိုးရှိမှာဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံတော်အနေနဲ့ ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်တဲ့ နေရာမှာ အများစုဖြစ်တဲ့ လယ်သမားများ၊ မွေးမြူရေးသမားများ၊ လယ်သမားများဆိုတဲ့ခုနက ရော်ဘာ စိုက်ပျိုးထုတ်လုပ်တဲ့သူများလည်းပါပါတယ်။ ဒါကြောင့်မို့လို့ ပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ဥပဒေ တွေဟာ အားလုံးအတွက် အခြေအနေကောင်းအောင်၊ မျှတအောင်ရေးဆွဲထားတဲ့ ဥပဒေတစ်ခုဖြစ်တဲ့ အတွက် ဒီဥပဒေတွေရဲ့ အကျိုးသက်ရောက်မှုကို နိုင်ငံတော်နှင့်နိုင်ငံသားများ ခံစားနိုင်ရေးအတွက် လည်း သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အလေးထားဆောင်ရွက်ဖို့လိုကြောင်းလည်း ကျွန်တော် လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာဌာနများကို ကျွန်တော်တို့ပြန်ပြီးတော့ တင်ပြခြင်းဖြစ်ပါ တယ်။

**ကင်ဆာဝေဒနာရှင်များ ဓာတ်ကင်ရောင်ခြည်ဖြင့် ကုသမှုခံယူခြင်းနှင့်ပတ်သက်၍ ပိုမိုထိရောက်စွာ ကုသနိုင်ရေးအတွက် မည်သို့ဆောင်ရွက်နေသည်ကို သိလိုသည့်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးမြင့်ရွှေ၊ ဝေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ ဖြစ်ပါတယ်။ ကျွန်တော်တို့ မဲဆန္ဒနယ်မှာ ကင်ဆာဝေဒနာခံစားနေရတဲ့ လူနာကိုသွားပြီးတော့ သတင်းမေးတဲ့အခါ ကျတော့ သူကဓာတ်ရောင်ခြည်ကုသမှုခံယူရမယ့်အခြေအနေဖြစ်ပါတယ်။ အဲ့လို ဓာတ်ရောင်ခြည် ကုသမယ်ဆိုလို့ရှိရင် ရန်ကုန်မှာကုသမယ်ဆိုပါက လေးလခန့်၊ မန္တလေးမှာ ကုသမယ်ဆိုပါက သုံးလ ခန့်၊ တောင်ကြီးတွင်ကုသမယ်ဆိုပါက တစ်လခွဲခန့်ကြာမယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။ အခု

အခါမှာ ၂၀၁၄ ခုနှစ် မေလမှာဆိုရင် သတင်းစာထဲမှာ ကျွန်တော်တို့ တွေ့ရတာ နေပြည်တော်ဆေးရုံကြီးမှာ ခါတ်ရောင်ခြည်ကုသစက်တစ်လုံး တပ်ဆင်မယ်လို့ သတင်းဖတ်ရတဲ့အတွက် ပြည်သူများကိုယ်စား အထူးသဖြင့် ကင်ဆာဝေဒနာကိုခံစားပြီးတော့ ကုသမှုခံယူမယ့် လူနာရှင်နဲ့ မိသားစုများကိုယ်စား များစွာဝမ်းမြောက်မိပါတယ်။ ဒါကြောင့်မို့လို့ မေးမြန်းလိုတာက ကင်ဆာဝေဒနာရှင်များ ဓါတ်ရောင်ခြည်ဖြင့် ကုသမှုခံယူမည်ဆိုပါက စောင့်ဆိုင်းရမည့်ကာလမှာ အနည်းဆုံး တစ်လခွဲကနေပြီးတော့ လေးလခန့်ကြာသည်ဆိုသည်မှာ မှန်ပါသလား။ မှန်သည်ဆိုပါလျှင် အဘယ်ကြောင့်ပါနည်း။ မေးခွန်း(၂) ၂၀၁၄ ခုနှစ် မေလမှာ ဓါတ်ရောင်ခြည်တပ်ဆင်ခြင်းဖြင့် မည်သည့်အတိုင်းအတာထိ အကျိုးပြုနိုင်ပါမည်နည်း။ မေးခွန်း(၃) ဓါတ်ရောင်ခြည်ကုသမှုဖြင့် ပိုမိုထိရောက်စွာ ကုသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများရှိပါက မည်သို့ဆောင်ရွက်နေသည်ကို ပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမှာ ကင်ဆာဝေဒနာရှင်များ ဓါတ်ရောင်ခြည်နဲ့ ကုသမည်ဆိုပါက အလှည့်ကျကို တစ်လခွဲမှ လေးလခွဲကြာတယ်ဆိုတာ ယေဘုယျအားဖြင့် မှန်ကန်ပါတယ်။ ဒါပေမယ့် ကင်ဆာဆိုတာမှာ အမျိုးအစားအမျိုးမျိုးရှိတဲ့အတွက် တချို့သော အမျိုးအစားတွေ၊ အဖြစ်များတဲ့အမျိုးအစားတွေမှာ ကြာတာလေးတွေရှိနိုင်ပါတယ်။ စက်ကလည်းအမျိုးမျိုးရှိတဲ့အတွက် တချို့သောစက်တွေသည် တချို့သောကင်ဆာတွေအတွက် ပိုမိုသင့်တော်တဲ့အတွက် Waiting List ကြာတာမျိုးလေးတွေရှိတတ်ပါတယ်။ ကင်ဆာအမျိုးအစားပေါ်လည်းမူတည်ပါတယ်။ ဒါပေမယ့် အရေးပေါ်လိုလာတယ်။ အရေးပေါ်ဓါတ်ရောင်ခြည်နဲ့ကုသဖို့လိုလာတယ်။ ကျွန်တော်တို့ ဥပမာ-ရိုးရိုးသာမန်ခွဲစိတ်ရောဂါမှာလည်း အချိန်ယူပြီးခွဲလို့ရတဲ့ရောဂါရှိသလို အရေးပေါ်ဖြစ်လို့ ခွဲရတာတွေလည်းရှိတယ်။ အဲ့လိုအရေးပေါ် ပေးဖို့လိုလာတဲ့ကိစ္စတွေ ဥပမာ- (Secondary Brain Tumor) တွေ Spinal Cord ကျောရိုးကြီးကိုဖိနေတဲ့ (Spinal Cord Compression) ဒါ့ကြောင့်မို့လို့ ဒီလည်ပင်း

က သွေးကြောမကြီး (Superior Vena Cava Obstruction) အဲ့သလို ပိတ်တဲ့လူနာတွေ၊ အရေးပေါ် ခွဲစိတ်ရောင်ခြည်ပေးရမယ်ဆိုတဲ့ လူနာတွေနဲ့ သံဃာတော်များ၊ သီလရှင်များကတော့ တခြားလူနာတွေလို စောင့်ဆိုင်းစရာမလိုဘဲနဲ့ ကျွန်တော်တို့ ဒီလူနာရောက်လျှင်ရောက်ချင်းပေးနိုင်ဖို့ ပေးလျက်ရှိပါတယ်။

အဲ့တော့ လူနာတွေဒီလိုစောင့်ရတဲ့အကြောင်းအရင်းကို အချက်သုံးချက်နဲ့ ကျွန်တော်ဖြေကြားလိုပါတယ်။ (၁) ကတော့ လူနာဝေဒနာရှင်များတိုးချဲ့ တိုးတက်များပြားလာခြင်း ဖြစ်ပါတယ်။ (၂) ကတော့ စက်ပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ (၃) နောက်တစ်ခုကတော့ ပညာရှင်ပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ အဲ့တော့ ကင်ဆာဝေဒနာရှင်တွေ တိုးတက်များပြားလာတာမှာလည်း နှစ်ပိုင်းရှိပါတယ်။ (၁) ကတော့ တကယ်များလာတာဖြစ်ပါတယ်။ (၂) ကတော့ တကယ်များလာတာ ဘာ့ကြောင့်လဲ။ လူဦးရေတိုးပွားလာတာဖြစ်သလို အပြုအမူနဲ့ပတ်သက်တဲ့ကိစ္စတွေ၊ ဆေးလိပ်တွေပိုသောက်လာတဲ့ကိစ္စတွေ၊ ဒီရာသီဥတု ခုနက Climate Change တို့ Global Warming တို့ကိစ္စတွေ၊ ဒီအိုဇုန်းပေါက်တဲ့ကိစ္စတွေ၊ ဒါတွေအားလုံးပတ်သက်နေသလို ကျွန်တော်တို့ Hepatitis B အသားဝါအသည်းရောင် ဘီပိုး၊ စီပိုးတွေဖြစ်တာများလာတာကနေပြီးတော့ သူ့ရဲ့ နောက်ဆက်တွဲအဖြစ် အသည်းကင်ဆာတွေများလာတယ်။ ဒီလိုပဲအမျိုးသမီးတွေမှာ Human Papilloma Virus ဆိုတဲ့ ဗိုင်းရပ်စ်ပိုးဝင်ရာကနေပြီးတော့ သားအိမ်ခေါင်းကင်ဆာတွေ ဖြစ်ကြတယ်။ စသဖြင့် ဒီလိုရောဂါတွေများလာတဲ့အတွက် ကင်ဆာတွေအမှန်တကယ်များလာတာရှိသလို၊ အမှန်တကယ်များလာတာအပြင် ရောဂါကိုပိုမိုရှာဖွေနိုင်စွမ်းရှိလာတာကလည်း အကြောင်းတစ်ကြောင်းဖြစ်ပါတယ်။ အရင်တုန်းက ကင်ဆာကို ရောဂါသတ်မှတ်ပေးနိုင်တဲ့၊ ရှာနိုင်တဲ့ နည်းပညာနဲ့ ပညာရှင်များ၊ စက်ပစ္စည်းများက ရန်ကုန်၊ မန္တလေး ဒီလောက်ပဲရှိပေမယ့် အခုချိန်မှာ ကျွန်တော်တို့က ရောဂါဗေဒပညာရှင်တွေကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးတွေတင်မက ခရိုင်မြို့ကြီးတွေပါ ပို့နိုင်တဲ့အဆင့်ရှိပါတယ်။ အလုံအလောက်မဟုတ်သော်လည်း စတင်ဖြန့်ဖြူးရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီလိုပဲ ဒီကင်ဆာကို ခွဲစိတ်ခွဲခန်း၊ နောက် CT လိုစက်မျိုးကလည်း အနှစ်သုံးဆယ်အကြာမှာ ကျွန်တော်တို့ CT တွေကို တိုင်းမြို့ကြီးတွေတင်မက တချို့ခရိုင်မြို့ကြီးတွေမှာပါ စတင်တပ်ဆင်နေပြီဖြစ်ပါတယ်။ အဲ့တော့ Diagnose Capacity ပေါ့။ ရောဂါရှာဖွေနိုင်တဲ့အစွမ်းကလည်း မြင့်လာတဲ့အတွက်ကြောင့်မို့လို့ ကင်ဆာလူနာတွေဟာ အများအပြား ကျွန်တော်တို့ အခုရှိလာပါတယ်။ တကယ်များလာတာလည်းရှိတယ်။ ရောဂါရှာဖွေနိုင်စွမ်းလည်းတတ်လာတယ်။ ဥပမာ- စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးကင်ဆာဌာနမှာ ၂၀၀၈ ခုနှစ်မှာ လူနာ ၁၈၃ ယောက်၊ ၂၀၀၉ ခုနှစ်မှာ

၄၄၀၊ ၂၀၁၀ မှာ ၆၉၃၊ ၂၀၁၁ မှာ ၈၇၃၊ ၂၀၁၂ မှာ ၉၄၆၊ ၂၀၁၃ မှာ ၁၀၅၉ ဦး တက်ရောက်ကုသကြတာကို တွေ့ရပါတယ်။ ဝေဒနာရှင်တိုးတက်များပြားလာတာသည် Waiting List ကြားရတဲ့အကြောင်းတစ်ချက်လည်းဖြစ်ပါတယ်။ နောက်တစ်ခုက စက်ပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ စက်ပိုင်းဆိုင်ရာမှာလည်း ကျွန်တော့်အနေနဲ့ နှစ်ချက်ခွဲပြီးပြောလိုပါတယ်။ တစ်ချက်ကတော့ ဓာတ်ရောင်ခြည်စက်များ နည်းနေသေးတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ စက်သစ်တွေလိုအပ်တယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဥပမာ-ရန်ကုန်ဆေးရုံကြီး ကင်ဆာဌာနမှာ ၂၀၁၃ ခုနှစ်မှာ လူနာ ၆၀၀၀ လောက်မှာ ၄၈၀၀ က ဓာတ်ရောင်ခြည်နဲ့ ကုသဖို့လိုတယ်။ ကျွန်တော်တို့ အဲ့တော့ ၄၈၀၀ ဆိုရင် တစ်လကို ပျမ်းမျှခြင်း ၄၀၀ လောက်သာကုသဖို့ လိုတယ်ဆိုတဲ့သဘော လက်ရှိစက်နှစ်လုံးနဲ့ တစ်လကို ၁၅၀ လောက်ပဲ ကျွန်တော်တို့က ဓာတ်ရောင်ခြည်ပေးနိုင်တာရှိတယ်။ အဲ့တော့ Waiting List က ၂၀၀၊ ၂၅၀ ရှိနေတယ်။

အဲ့တော့ စက်တွေကို ကျွန်တော်တို့နိုင်ငံမှာသုံးနေတဲ့စက်တွေက ဒါက ကျွန်တော်တို့ ရောက်ရှိလာတဲ့အချိန်မှာ စက်က ကျွန်တော်တို့ ဓာတ်ရောင်ခြည်ပေးတယ်လို့ပြောပေမယ့် အကြမ်းအားဖြင့် နှစ်မျိုးပြောလို့ရပါတယ်။ အပြင်ကနေရောင်ခြည်ပေးတာနဲ့ အထဲကနေ ဓာတ်ရောင်ခြည်ထွက်တဲ့ ကိရိယာတွေကို အသားတွင်းမှာ အင်္ဂါအစိတ်အပိုင်းအတွင်းမှာ မြှုပ်နှံပြီးတော့ကုတာ။ ကျွန်တော်တို့ ခု ဓာတ်ရောင်ခြည်ပေးတဲ့စက်တွေကတော့ External Beam Radiation လို့ခေါ်တဲ့ အပြင်ကပေးတဲ့ စက်တွေဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ သုံးနေတဲ့စက်က လက်ရှိကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ် ဓာတ်ရောင်ခြည်စက်(Cobalt 60) ဖြစ်ပါတယ်။ Cobalt 60 စက်က ၁၉၅၀ ခုနှစ်များက စတင်ပေါ်ပေါက်ခဲ့တာဖြစ်ပြီးတော့ အခုအချိန်မှာ ရောင်းတန်းအနေနဲ့ ဘယ်ကုမ္ပဏီကမှ ရောင်းတန်းအနေနဲ့ မရှိတော့တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့ Cobalt 60 ကိုပဲ ကျွန်တော်တို့လူတွေရဲ့ ကျွမ်းကျင်မှုနဲ့ ဆက်သုံးနေတာဖြစ်တယ်။ အဲ့တော့ Cobalt 60 က ဘာဖြစ်သလဲဆိုတော့ သူ့မှာ Cobalt Source ရှိပါတယ်ခင်ဗျား။ ဓာတ်ရောင်ခြည်ထွက်တဲ့ဘက်က Source ရှိပါတယ်။ အဲ့ဒါက ငါးနှစ်ကြာရင် Half Life ပေါ့။ ငါးနှစ်ကြာသွားရင် သူသက်တမ်းစွမ်းအားက လျော့သွားပါတယ်။ အဲ့ဒီအခါမှာ တစ်မိနစ်လောက် ရောဂါတစ်ခု၊ ကင်ဆာတစ်ခုကို ၁၀ မိနစ်လောက်ထိ ပေးလာ စက်စွမ်းအားကျဆင်းလာတာပေါ့။ အဲ့ဒီအခါကျရင် Source အသစ်ကို လဲရပါတယ်။ Source အသစ်ကိုလဲတဲ့အခါမှာ စက်ကအဟောင်းဖြစ်တဲ့အတွက် Radio Active Source ကို ဒီတိုင်းကြီးဝယ်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံတကာကန့်သတ်ချက်တွေအများကြီးရှိပါတယ်။ IAEA က နိုင်ငံတကာ

အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအားအေဂျင်စီကနေပြီးတော့ အမျိုးမျိုးစစ်တာဆေးတာတွေလည်း ဒါလည်းသိကြမှာပါ။ ဒါတွေကလည်း ရှိပါတယ်။

အဲ့တော့ ရရှိဖို့ အင်မတန် Source အသစ်လဲမယ်ဆိုတာတော်တော်အချိန်ယူပြီးတော့ အပြန်ပြန်အလှန်လှန် လာစစ်တယ်။ ကျွန်တော်တို့က တင်ပြတယ်။ လာကြည့်တယ်။ ပြန်ပြောတယ်။ ပြန်ဝယ်တယ်။ ရောင်းတဲ့ကုမ္ပဏီတွေကလည်း ဒီ Radio Active Source ကြီးကို ဒီအတိုင်းရောင်းတဲ့ ကုမ္ပဏီတွေက ဥပမာ- Canada တစ်ခုလောက်ပဲ အလွန်ကိုစိစစ်တဲ့ဟာဖြစ်တဲ့အတွက် တော်တော်လေးကြာတယ်။ ဒါကြောင့်မို့လို့ ယခင်အစိုးရလက်ထက်ကနေမှာထားတာ နှစ်နှစ်လောက်ရှိပြီဖြစ်တဲ့ စက်နှစ်လုံးဟာ ကျွန်တော်တို့ ရောက်လာတဲ့အချိန်ထိ မရသေးဘူးလို့ အပြန်ပြန်အလှန်လှန်ဆိုတော့ အဲ့ဒီအခါမှာ ကျွန်တော်တို့က စက်ကိုပြောင်းပြီးတော့ ဝယ်ပါတယ်။ လက်ရှိရောင်းတန်းမှာရှိနေတာကတော့ Cobalt 60 လို့မခေါ်ဘဲ Linear Accelerator လို့ခေါ်ပါတယ်။ အဲ့ဒီစက်က အဆင့်ပိုမြင့်ပါတယ်။ ထိရောက်မှုလည်း ပိုကောင်းပါတယ်။ ဘေးပတ်ဝန်းကျင်ကို သက်ရောက်မှုလည်းနည်းပါတယ်။

ဒါပေမယ့် အဲ့ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့က ဒီယခင်အစိုးရလက်ထက်ကဝယ်ထားပြီးတော့ ကျွန်တော်တို့ဆီကို ပိုက်ဆံသာချေထားပြီး မပေးနိုင်တဲ့စက်နှစ်ခုကို ကျွန်တော်တို့က Linear Accelerator ကိုပြောင်းပြီးတော့ဝယ်ပါတယ်။ ပြောင်းပြီးဝယ်တော့လည်း ရတဲ့အတွက် ခုချိန်မှာ ရန်ကုန်မှာတစ်လုံး၊ မန္တလေးမှာ တစ်လုံး ကျွန်တော်တို့ တပ်ဆင်ထားပြီးသား ဖြစ်ပါတယ်။ Linear Accelerator ကတော့ ပိုလည်းကောင်းပါတယ်။ ဒါကိုလည်း တပ်ဆင်ထားပြီး ဖြစ်တဲ့အတွက် နောက်ထပ်နှစ်လုံးကိုလည်း ဝယ်ပြီးတော့ အခုနေပြည်တော်မှာတစ်လုံး၊ ရန်ကုန်မှာ တစ်လုံးထပ်တပ်နေပါတယ်။ ရန်ကုန်ကတစ်လုံးကလည်း အခုတပ်ပြီးသွားပါပြီ။ စတင်လည်ပတ်နေပြီ ဖြစ်ပါတယ်။ နေပြည်တော်မှာလည်း ကျွန်တော်တို့က စတင်တပ်ဆင်ထားပြီးတော့ လည်ပတ်နေပြီ ဖြစ်ပါတယ်။ အဲ့တော့ မန္တလေးပြည်သူ့ဆေးရုံကြီးမှာ Linear Accelerator ကို ၂၀၁၃ ခုနှစ် ၁၁ လပိုင်းမှာ စတင်တပ်ဆင်အသုံးပြုပြီးတော့ ဒီနေ့ ၃၀ ကနေ ၅၀ ထိ ကုသမှုပေးလျက်ရှိတယ်။ နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှာလည်း ၁၂-၈-၂၀၁၃ နေ့ကတည်းက တပ်ဆင်တယ်။ ဒါပေမယ့် စတင်တပ်ဆင်တဲ့အခါမှာ ချို့ယွင်းမှုလေးတွေအနည်းငယ်ရှိတဲ့အတွက် စက်ကိုပြန်လည်ပြင်ဆင်ပြီးတော့ ၇-၇-၂၀၁၄ ရက်နေ့ကနေပြီးတော့ ပြန်လည်အသုံးပြုနေပြီ ဖြစ်ပါတယ်။ စစ်စံထွန်းပြည်သူ့ဆေးရုံကြီးအတွက်လည်း ကျွန်တော်တို့ Linear Accelerator အသစ်တစ်လုံး ဝယ်ယူထားပြီးဖြစ်ပြီးတော့ အဆောက်အအုံ

ကိုလည်း ဆောက်နေတဲ့အခါမှာ ၅၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါတယ်။ အဆောက်အအုံပြီးတယ်။ စက်ရောက်လာတယ်ဆို ကျွန်တော်တို့ တပ်ဆင်အသုံးပြုသွားမှာ ဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့ စက်တွေလည်း ထပ်တိုးပြီးတော့ဝယ်မှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ လူအင်အားနဲ့ ပညာရှင်ပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ဓာတ်ရောင်ခြည်ပေးတဲ့အခါမှာ ဆရာဝန်တွေတင်မကပါဘူး။ အခုလက်ရှိအပူတပြင်းလိုပြီးတော့ ကျွန်တော်တို့ လိုအပ်ချက်ကတော့ ဒီ Technician ပိုင်းဖြစ်ပါတယ်။ ဒီဆေးဘက်ဆိုင်ရာ ရူပဗေဒပညာရှင်တွေဟာ ဒီပစ္စည်းကိုကိုင်တွယ်ရတဲ့လူ ဖြစ်ပါတယ်။ အဲ့ဒီ Training က ကျွန်တော်တို့ဆီမှာ အလွန်နည်းပါတယ်။ အထူးသဖြင့် Cobalt 60 နဲ့ပတ်သက်တဲ့ Training ရှိပေမယ့် အခု အသစ်ဝယ်လိုက်သော Linear Accelerator နဲ့ပတ်သက်တဲ့ Training နည်းတဲ့အတွက် ကျွန်တော်တို့ ခုချိန်မှာ ဒီ Training ကို ဆရာဝန်တွေတင်မကဘဲနဲ့ Medical Physicist တွေ၊ Technician တွေအပြင် အခုနောက်ပိုင်း IAEA ကအလွန်အရေးတကြီးလုပ်လာတဲ့ကိစ္စကတော့ Radiation Safety Officer လို့ခေါ်တဲ့ရာထူးမျိုးဖြစ်ပါတယ်။ ဒါကျွန်တော်တို့ဆီမှာ တစ်ချိန်ကမရှိခဲ့ပါဘူး။ ဒီဓာတ်ရောင်ခြည်ရဲ့ဆိုးကျိုးတွေကို မဖြစ်အောင်ထိန်းသိမ်းတဲ့ ဒါကို ကျွမ်းကျင်တဲ့ ပညာရှင်တွေမွေးထုတ်ဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ဝေဒနာရှင်တွေများပြားလာတာကိုတော့ ကျွန်တော်တို့ တားဆီးလို့ရမှာမဟုတ်ဘူး။ သို့သော် ကင်ဆာကာကွယ်တဲ့ကိစ္စတွေ ကျွန်တော်တို့လုပ်လို့ရပါတယ်။ အသားဝါဘီပိုးနဲ့ဆိုင်တဲ့ကာကွယ်ဆေးတွေထိုးတာ၊ Human Papilloma Virus နဲ့ဆိုင်တဲ့ ကာကွယ်ဆေးတွေထိုးတာ၊ ဆေးလိပ်တွေလျှော့သောက်တာ၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့အပြုအမူကိစ္စတွေ ထိန်းသိမ်းတာ၊ ဒါပေမယ့် ကင်ဆာဖြစ်ပွားမှုနှုန်းကိုလည်း လူထုပညာပေးနည်းလမ်းများဖြင့် လျှော့သွားပြီးတော့ ဒီရောဂါကိုအမြန်ဆုံး diagnose လုပ်လို့ရမယ်။ အထိရောက်ဆုံးကုသဖို့အတွက်ကိုလည်း စက်ပိုင်းဆိုင်ရာရော၊ လူပိုင်းဆိုင်ရာရော လေ့ကျင့်ဖြည့်ဆည်းလျက်ရှိတဲ့အကြောင်း တင်ပြရင်းတင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပင်လုံဒေသ၊ ကောင်းငိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ပေးရန်၊ မိုင်းပွန်တိုက်နယ်ဆေးရုံအား အုတ်တံတိုင်းကာရံပေးရန်နှင့် လွိုင်လင်မြို့ရှိ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတွင်လိုအပ်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ သူနာပြုများနှင့် ဝန်ထမ်းများခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှင့် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်ခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ၂၀၁၄ ခုနှစ် ဧပြီလနှင့်မေလအတွင်း လွှတ်တော်ရပ်နားထားစဉ်အချိန်က ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ပင်လုံဒေသ၊ မိုင်းပွန်ဒေသ၊ လွိုင်လင်မြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး မိဘပြည်သူများနှင့်တွေ့ဆုံခဲ့ပါတယ်။ မိဘပြည်သူများနှင့်တွေ့ဆုံရာမှာ မိဘပြည်သူများမှ လွှတ်တော်သို့တင်ပြ၍ မိဘပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးပါရန် တင်ပြလာပါတယ်။ မိဘပြည်သူများ၏တင်ပြချက်ထဲမှ ကျန်းမာရေး

ဌာနနှင့်သက်ဆိုင်သော အောက်ပါမေးခွန်းများကို ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) ပင်လုံဒေသ၊ ဟဲနန်းကျေးရွာအုပ်စု၊ ကောင်းငိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလို၍ မေးမြန်းအပ်ပါတယ်။ မေးခွန်း(၂) မိုင်းပွန်တိုက်နယ်ဆေးရုံတွင် လိုအပ်လျက်ရှိတဲ့ တာဝန်ခံဆရာဝန် ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ကို သိလိုပါ၍ မေးမြန်းအပ်ပါတယ်။ ဆက်လက်၍ မိုင်းပွန်တိုက်နယ်ဆေးရုံအား အုတ်တံတိုင်းခြံစည်းရိုး ကာရံပေးရန်အစီအစဉ်ကိုလည်း သိလိုပါ၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၃) လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်ရှိ ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးတွင် လူနာများအား ကြပ်မတ်ကုသပေးရန်လိုအပ်လျက်ရှိတဲ့ အထူးကုဆရာဝန်ကြီးများ ပြည့်စုံစွာ ခန့်အပ်တာဝန်ပေးရန်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ကိုသိလိုပါတယ်။ မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကိုလည်း သိလိုပါ၍ သက်ဆိုင်ရာဌာနသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အိမ်မဲမြို့နယ်၊ သရက်ကုန်းတိုက်နယ်ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံအသစ်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစောဂျိမ်း၊ အိမ်မဲမဲဆန္ဒနယ်က ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောဂျိမ်း(အိမ်မဲမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျိမ်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းတိုက်နယ်ဆေးရုံမှာ ၁၉၇၈ ခုနှစ်တွင် စတင်ဆောက်ခဲ့ပါတယ်။ ဆေးရုံမြေနေရာ နှစ်ဧကကျော်ကျယ်ဝန်းပြီး အဆောက်အဦမှာ (ကျား)လူနာဆောင် ၂၅ ပေx ၃၀ ပေ၊ (မ)လူနာဆောင် ၂၅ ပေx ၃၀ ပေ၊ မွေးခန်း ၂၅ ပေx ၁၀ ပေ၊ ခွဲစိတ်ခန်း၊ ခွဲစိတ်လူနာခန်းဟူ၍ ရှိပါတယ်။ ယခုအခါ ၂၅ ပေx ၆၀ ပေ ခန့်ကျယ်ဝန်းသည့် ဆေးရုံအဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းပြီးဖြစ်ပါသည်။ ကျန်းမာရေးအစောင့်အရှောက်ပေးနိုင်ရန် ဒီဧရိယာမှာ ကျေးလက်အုပ်စု ကိုးအုပ်စု၊ ကျေးရွာပေါင်း ၁၁၂ ရွာ မှီခိုအားထားရပြီး လက်ရှိဝန်ထမ်းအင်အား ဆရာဝန်၊ အထက်တန်းသူနာပြု၊ ဆေးစပ်(၄)၊ အထွေထွေလုပ်သား စုစုပေါင်း ခွင့်ပြု

ခြောက်ဦး၊ ခန့်ထား ငါးဦး၊ လစ်လပ် ဆေးစပ်(၄) တစ်ဦးလိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းတိုက်နယ်ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံအသစ် ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီးက တပေါင်းတစည်းတည်းဖြေဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ ပထမဦးစွာ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ပင်လုံဒေသ၊ ဟဲနန်းကျေးရွာအုပ်စု၊ ကောင်းငိုကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦဆောက်လုပ်ပေးရန်အတွက် ဒီနှစ် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်အတွင်းမှာတော့ ပါဝင်ခြင်းမရှိသေးပါဘူး။ ဒါပေမယ့် ရှေ့ ပြီးခဲ့တဲ့အပတ်ကလည်း ကျွန်တော်တင်ပြခဲ့သလိုပဲ ရှေ့လ ၂၀ စီမံကိန်းထဲမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၅၀၊ ကျေးလက်ကျန်းမာရေးဌာန ၄၀၀၊ ၁၁၀ ကိုဆောက်လုပ်ပေးမယ့်ကိစ္စရှိတဲ့အပြင် ဦးစားပေးအစီအစဉ်အလိုက် ထည့်သွင်းနိုင်ရေးအတွက်ကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မိုင်းပွန်တိုက်နယ်ဆေးရုံမှာ အုတ်တံတိုင်းခြံစည်းရိုးကာရံပေးရန်အတွက် တင်ပြချက်ရှိပါတယ်။ သက်ဆိုင်ရာ ကျန်းမာရေးဌာနကလည်း တင်ပြတာဖြစ်တဲ့အတွက် ကျန်းမာရေးဦးစီးဌာနရဲ့ ပြင်/ထိန်းရန်ပုံငွေကနေ ကျခံပေးနိုင်မယ့်ပမာဏကျခံပေးနိုင်ရန် တွက်ချက်ပေးဖို့အတွက်ကို ၂၀-၆-၂၀၁၄ က ရှမ်းပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနမှူးကနေ တစ်ဆင့် ကျသင့်မယ့်ပမာဏတွက်ချက်ပေးဖို့ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးမှာ လွိုင်လင်ကိုအဆင့်မြှင့်လိုက်တဲ့အတွက် လစ်လပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များ၊ အဲ့ဒီထဲက တချို့ကို ကျွန်တော်တို့က ဇူလိုင်လအတွင်းမှာ ဖြည့်ဆည်းသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ်ကလည်း ဆရာဝန် ၁၁၅၅ ဦး၊ လက်ထောက်ဆရာဝန် သစ်လွင်တွေခန့်အပ်တာဝန်ပေးပြီးဖြစ်တဲ့အတွက် ၂၀၁၄ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လအတွင်းမှာ လက်ထောက်ဆရာဝန်အချို့ကို ထပ်မံတာဝန်ပေးနိုင်မှာ ဖြစ်ပါတယ်။ မိုင်းပွန်

တိုက်နယ်ဆေးရုံအတွက် လက်ထောက်ဆရာဝန်လိုတာကိုလည်း ဒီလက်ထောက်ဆရာဝန်တွေ ခန့်ထားတဲ့အခါမှာ ဆက်လက်ပြီးတော့ ကျွန်တော် တစ်နေ့က တင်ပြခဲ့သလိုပဲ ပြည်နယ်နှင့်တိုင်းဒေသကြီး ဆေးရုံကြီး ခုတင် ၂၀၀ တွေကိုဝင်မယ်။ ဒီကနေတစ်ဆင့် ခုတင် ၁၀၀ တွေ၊ ခုတင် ၁၀၀ ကနေ ၅၀ ဒီလို အဆင့်ဆင့်ဖြန့်ချသွားတဲ့အခါမှာ ရရှိမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လွိုင်လင်မြို့နယ်မှာရှိတဲ့ ဆေးရုံကြီးကို အခုက ခုတင် ၂၀၀ ဆေးရုံကြီးအဖြစ် Sanction တိုးချဲ့လိုက်တဲ့အတွက် ဖွဲ့စည်းပုံ အင်အားမှာ Matron ပေါ့။ သူနာပြုအုပ်ကြီး ခွင့်ပြုချက်တစ်ဦးရှိပါတယ်။ တစ်ဦး ခန့်ထားပြီးဖြစ်ပါတယ်။ Sister တွေအနေနဲ့ သူနာပြုဆရာမကြီး ခွင့်ပြု ၁၄ ဦးမှာ ခုနစ်ဦးခန့်ထားတယ်။ လစ်လပ် ခုနစ်ဦးကို အခုချိန်မှာ လျှောက်လွှာခေါ်ယူထားပြီးသားဖြစ်ပါတယ်။ သူနာပြုဆရာမကြီး တိုးမြှင့်ရေးအတွက် လျှောက်လွှာခေါ်ယူပြီးတော့ ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အထက်တန်းသူနာပြု ခွင့်ပြုက ၉၄ ဦး၊ ခန့်ထား ၂၂ ဦး၊ လစ်လပ် ၇၂ ဦးမှာ ဒါကတော့ ဒေသဆိုင်ရာလိုအပ်ချက်ပေါ်မှာ မူတည်ပြီးတော့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ဒီအထက်တန်းသူနာပြု ကျွန်တော်တို့ကတော့ Blue staff ခေါ်တာပေါ့။ အပြာအဆင့်ကို ပြည်နယ်ဦးစီးဌာနမှူးအဆင့်ကနေပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအငယ်ဆုံး သူနာပြုအနီလေးတွေပေါ့။ သူနာပြု Train Nurse ၁၈၀ မှာ ခန့်ထား ၂၈၊ လစ်လပ် ၁၅၂ အဲ့ဒီမှာ ကျွန်တော်တို့ သူနာပြုသစ်လွင် ၃၄ ဦးကို ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက်ကို ၃၀-၆-၂၀၁၄ နေ့စွဲနဲ့ ခန့်အပ်ထားပြီးဖြစ်တဲ့အတွက် ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနကနေပြီးတော့ ဆက်လက်ချထားပေးမှာဖြစ်တဲ့အကြောင်း ဖြေကြားလိုပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျိမ်းရဲ့မေးခွန်းဖြစ်ပါတယ်။ အိမ်မဲမြို့နယ်၊ သရက်ကုန်းတိုက်နယ်ဆေးရုံ လက်ရှိဖွဲ့စည်းပုံကို စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ခွင့်ရရှိရန်အတွက်ကို ကျွန်တော်တို့ စိစစ်တိုး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၄)ကနေ သဘောတူညီထားပြီးသားဖြစ်ပါတယ်။ အခုဆက်လက်ပြီးတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံကို စံနှုန်းများနှင့်အညီ အဆင့်မြှင့်တိုးချဲ့ပြင်ဆင်ခြင်းများ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် တိုးချဲ့ဆောက်လုပ်မယ့် အဆောက်အအုံများ၊ မြေနေရာလုံလောက်မှုရှိ/မရှိ၊ နောက်ထပ်ဆောက်ဖို့လို/မလို၊ နယ်မြေဒေသအခြေအနေနဲ့ မြေပြင်အမှန်တကယ်လိုအပ်မှုရှိ/မရှိကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့များနှင့် ညှိနှိုင်းပြီးတော့ နှစ်အလိုက်ခန့်မှန်းထားတဲ့ ဝန်ထမ်းအစီအစဉ်နှင့်ပတ်သက်ပြီး လုပ်ငန်းသုံးပစ္စည်းများ

ဖြည့်ဆည်းမယ့်အစီအမံတို့ကို စုစည်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြပြီးတော့ ဆက်လက်တင်ပြဆောင်ရွက်ရတာပါ။ ဒီ Process ကို ကျွန်တော်တို့ဆက်လုပ်နေတဲ့အတွက် ဒီနှစ်အတွင်းမှာ လိုအပ်သောခွင့်ပြုမိန့်ရရှိမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကို ၁၇-၆-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၁၈-၃-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၆-၆-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

**မူကြမ်း**

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားကြောင်း တွေ့ရှိရပါသည်။

(က) ဗိသုကာပညာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားဗိသုကာ ပညာရှင် ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နီတိနှင့် အရည်အသွေးတို့ကိုထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) ဗိသုကာပညာကို အကျိုးရှိထိရောက်စွာ အသုံးချခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူ တို့၏ လူနေမှုပတ်ဝန်းကျင်အဆင့်အတန်းမြင့်မားလုံခြုံမှုရှိစေရန်၊

(ဂ) ဗိသုကာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်း များတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ် မှန်ကန်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်တို့ အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းရန်၊

(ဃ) ဗိသုကာပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ နည်းပညာ သင်ကြားရေး၊ လုပ်ငန်းကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အတတ်ပညာများ၊ နည်းပညာများ နှီးနှောဖလှယ်ရေး၊ ဗိသုကာပညာဆိုင်ရာ အတွေ့အကြုံများ ပြန့်ပွားရေးတို့၌ ဒေသ ဆိုင်ရာအပါအဝင် နိုင်ငံတကာပညာရှင်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုတေသန ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် စနစ်တကျရှိသော ဦးဆောင်မှုပေးနိုင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၃-၆-၂၀၁၄ ရက်နေ့နှင့် ၂၈-၆-၂၀၁၄ ရက်နေ့များတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြု ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဗိသုကာအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

မူကြမ်း

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အမှတ်စဉ် ၃၇ ခုကို ဖော်ပြထားပြီး လွှတ်တော်ကိုယ်စားလှယ်များထံလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၁၄)ခန်းနှင့် ပုဒ်မပေါင်း ၄၈ ခုပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ၄၉ ချက်ကို လက်ခံသဘောတူခဲ့ပါသည်။

(၃) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ရှိ ဗိသုကာဘွဲ့ ရရှိသူကိုဆိုသည့်စကားရပ်အား ဗိသုကာပညာဘွဲ့ ရရှိသူကိုဟု ဖြည့်စွက်ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ရှိ လက်မှတ်များကိုဆိုသည့် စကားရပ်အား လက်မှတ်တို့ကိုဟု ပြင်ဆင်ပါသည်။

(၅) ဤဥပဒေတွင်ပါရှိသော မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ်ဆိုသည့် စကားရပ်အား ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ဟုလည်းကောင်း၊ လိုင်စင် ဗိသုကာလက်မှတ် ဆိုသည့်စကားရပ်အား ဗိသုကာ လိုင်စင်ဟုလည်းကောင်း၊ အကြီးတန်း လိုင်စင် ဗိသုကာလက်မှတ်ဆိုသည့်စကားရပ်အား အကြီးတန်း ဗိသုကာ လိုင်စင်ဟုလည်းကောင်း မှတ်ပုံတင် နိုင်ငံခြားသား ဗိသုကာလက်မှတ်ဆိုသည့် စကားရပ်အား နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ်ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၆) အခန်း (၃) အပိုဒ် ၄ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ တာဝန်ခံဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံဗိသုကာကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) တာဝန်ခံဝန်ကြီးဌာနမှသင့်လျော်သော ဗိသုကာ ၄ ဦး

( ခ) ဗိသုကာပညာ သင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ သင့်လျော်သော ဗိသုကာ ၃ ဦး

(ဂ) နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ သင့်လျော်သော ဗိသုကာ ၁ ဦး

(ဃ) ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ သင့်လျော်သော ဗိသုကာ ၁ ဦး

(င) မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ ၁ ဦး

(စ) အစိုးရမဟုတ်သော ဗိသုကာပညာရပ်ဆိုင်ရာ အသင်း အဖွဲ့များမှ ရွေးကောက်ခံ ဗိသုကာပညာရှင် ၁၈ ဦး

(ဆ) ဝါရင့်ဗိသုကာပညာရှင်ကြီး ၃ ဦး

(၇) အပိုဒ် ၅ ရှိ မိမိတို့အနက်မှဆိုသည့်စကားရပ်အား မိမိတို့ ကောင်စီဝင်များအထဲမှဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၇ အပိုဒ်ခွဲ(က)ရှိ သက်တမ်းတစ်ကြိမ်သည်ဆိုသည့်စကားရပ်အား သက်တမ်းသည်ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)အား ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိ ဆောင်ရွက်နိုင်သည်ဟုပြင်ဆင်ပါသည်။

(၁၀) အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(စ) အား ပုဒ်မခွဲ(င) အရ ဖြည့်စွက်ထမ်းဆောင်သော ကာလသည် ပုဒ်မခွဲ(ဂ)နှင့် (ဃ)ပါ သက်တမ်းနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ပြင်ဆင်ပါသည်။

(၁၁) အခန်း (၄) အပိုဒ် ၈ အပိုဒ်ခွဲ(ခ) ရှိ ဒေသတွင်းဆိုသည့် စကားရပ်အား ဒေသဆိုင်ရာဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၈ အပိုဒ်ခွဲ(စ)ရှိ စိစစ်ခြင်းဆိုသည့်စကားရပ် နောက်တွင် နှင့်လိုအပ်ပါက စကားရပ် ဖြည့်စွက်ပါသည်။

(၁၃) အပိုဒ် ၈ အပိုဒ်ခွဲ(တ)အား တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းဟုပြင်ဆင်ပါသည်။

**မှုကြမ်း**

(၁၄) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၈) အား မူလပြဋ္ဌာန်းချက် အတိုင်းထားရှိပါသည်။

(၁၅) အပိုဒ် ၁၁ အား ကောင်စီသည် ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ထို့ပြင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တွင် မှတ်ပုံတင်အရာရှိတစ်ဦး ဦးဆောင်သော ရုံးအဖွဲ့ခွဲများကိုလည်း ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၁၂ အား ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်ဟုပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) အား ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပန်ကြားခြင်းမရှိဘဲ သုံးကြိမ် ဆက်တိုက်ပျက်ကွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၁၈) အခန်း (၆) အပိုဒ် ၁၅ အား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၁၉) အခန်း (၇) အပိုဒ် ၁၇ အား

၁၇။ ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြား ရပ်တည်ရမည်။

(ခ) ရန်ပုံငွေလုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၂၃ အပိုဒ်ခွဲ(က) ရှိ မှတ်ပုံတင် နည်းပညာ ကျွမ်းကျင်သူ လက်မှတ်ဆိုသည့်စကားရပ်အား နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ဟုပြင်ဆင်ပြီး၊ အပိုဒ်ခွဲ (ခ) အား ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူအား ဗိသုကာအထူးပြုပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုများ

ပြုလုပ်၍ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)အား ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က)အရ လျှောက်ထားသူအား ဗိသုကာ အထူးပြုပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုများပြုလုပ်၍ ဗိသုကာ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်ဟုပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၂၉ (ခ) အား ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက လျှောက်ထားသူအား သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်ဟု ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၃၀ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀(က) နိုင်ငံခြားသား ဗိသုကာ ပညာရှင်သည် နိုင်ငံခြားသားဗိသုကာ မှတ်ပုံတင် လက်မှတ်ကိုရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး နိုင်ငံခြားသား ဗိသုကာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) နိုင်ငံခြားသားဗိသုကာမှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လုပ်ကိုင်ခွင့်ပြုသည့် ဗိသုကာပညာ အမျိုးအစား၊ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသ၊ အချိန်ကာလကန့်သတ်ချက်နှင့် အခြားလိုအပ်သော စည်းကမ်းချက်များကို ဖော်ပြရမည်။

(၂၄) အခန်း(၁၀)၏ ခေါင်းစဉ်အား မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များ ဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၅) အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၂ အား အပိုဒ် ၄ တွင် ပါရှိပြီးဖြစ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၂၆) အခန်း (၁၁) အပိုဒ် ၃၃ စာချိုးအား မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူ မည်သူမဆို မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါ အရေးယူမှုတစ်ရပ်ရပ်ကို ပြုလုပ်နိုင်သည်ဟုပြင်ဆင်ပါသဖြင့်၊ အပိုဒ် ၃၄ နှင့် အပိုဒ် ၃၈ အပိုဒ်ခွဲ(ခ) တို့တွင်ပါရှိသော ပြစ်ဒဏ်ဆိုသည့်စကားရပ်အား အရေးယူမှုဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၃၅ အား ပုဒ်မ ၃၄ အရ အယူခံမှုတွင် ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၃၆ အဖြစ် ပုဒ် ၃၅ အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၉) အခန်း(၁၃) အပိုဒ် ၃၆ ရှိ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော ဗိသုကာဝန်ထမ်းများက ဆိုသည့်စကားရပ်အစား နိုင်ငံ့ဝန်ထမ်း ဗိသုကာများကဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၃၇ ရှိ မည်သည့် မှတ်ပုံတင် လက်မှတ်ရရှိသူမျှဆိုသည့်စကားရပ်အား မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆိုဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၃၈ ရှိ မည်သည့် မှတ်ပုံတင်လက်မှတ် ရရှိသူမျှဆိုသည့်စကားရပ်အား မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆိုဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ နှင့် အပိုဒ် ၄၂ ရှိ ဖောက်ဖျက်ကြောင်း စကားရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်းဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၄၂ အား မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် ဗိသုကာပညာရှင်၊ ဗိသုကာဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူ မည်သူမဆို ဆိုသည့် စကားရပ်အား မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆိုဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၄) အခန်း(၁၄) အပိုဒ် ၄၃ အား နိုင်ငံ့ဝန်ထမ်း၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာ ကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်ဟုပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၄၇ အဖြစ် မြန်မာရိုးရာ ဗိသုကာပညာရှင်များသည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများပါ လုပ်ငန်းများမှအပ မိမိတို့၏လုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၆) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၇ အပိုဒ်ခွဲ(က)၊ (ခ) နှင့် (ဂ) တို့အား အပိုဒ် ၄၈ အဖြစ် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၅၁ အပိုဒ်ခွဲ(ခ) အား ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်ကို တိကျစွာဖော်ပြ၍ ၁၄-၇-၂၀၁၄ ရက်နေ့ (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၆-၆-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်ကြီး များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်များဖြင့် ပေးပို့လာသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်ခင်ဗျား။

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် အစည်းအဝေး၌ ၅-၆-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၄-၆-၂၀၁၄ ရက်နေ့၌ ကျင်းပသော အမျိုးသား လွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၂၅-၆-၂၀၁၄ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၁/၂၀၁၀)ဖြင့် ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄/၂၀၁၃) ဖြင့် ပြင်ဆင်ထားသည့်ဥပဒေအား ၂၁-၁-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ထပ်မံပြင်ဆင်ရန် လိုအပ်ပါသဖြင့် ဤပြင်ဆင်သည့်ဥပဒေကြမ်းအား တင်သွင်းလာခြင်း ဖြစ်ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၇-၂၀၁၄ ရက်နေ့တွင် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့် အညီ ညှိနှိုင်းစိစစ်ခဲ့ကြရာ ပြင်ဆင်သည့်ဥပဒေကြမ်း၌ ပြင်ဆင်သည့်အပိုဒ်ပေါင်း ၁၇ ခုပါရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးသားလွှတ်တော်က အဆိုပြုဥပဒေကြမ်း၏ အပိုဒ် ၂ ကို ပယ်ဖျက်လိုက်သဖြင့် ကျန်အပိုဒ်များ အမှတ်စဉ် ပြောင်းလဲသွားခြင်း၊ အပိုဒ် ၄ နှင့် အပိုဒ် ၈ တို့ရှိ စကားရပ်အသုံးအနှုန်းများ ပြင်ဆင်ထားခြင်းကိုသာ တွေ့ရှိရပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များ အတိုင်းလက်ခံရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ရှင်းလင်းအစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်ကို တိကျစွာဖော်ပြ၍ ၁၄-၇-၂၀၁၄ ရက်နေ့ (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်းအသိပေး ကြေညာပါ တယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]